The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (31-8-2015) (၈၃၀၉)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၁၅ ခုနှစ်၊ ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံဘုရင် ဆူလတန် အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်တွန်း ဟာဂျီ အဗ္ဗဒူ ရာဇတ် ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပညာရပ်များမပျောက်ပျက်စေရန် ဆက်လက်ထိန်းသိမ်း

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်(၇၃)လမ်းနှင့် (၇၈)လမ်းကြား မင်္ဂလာမန္တလေးစီမံကိန်း(တောင်ဘက်)တွင် တည်ဆောက်မည့် မြန်မာ့အနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မြို့တော်ဝန် ဦးအောင်မောင်း၊ သဘင်အစည်းအရုံး နာယက ဦးရွှေနန်းတင်နှင့် အကယ်ဒမီဒါရိုက်တာ မြို့တော်မောင်ယဉ်အောင်တို့က မင်္ဂလာအချိန် နံနက် ၈ နာရီ ၁၀ မိနစ်တွင် သတ်မှတ်နေရာအသီးသီးရှိ ပန္နက်တော်ဌာနများ၌ ရတနာပန္နက်တော်များကို စိုက်ထူ၍ ပန္နက်တင်ကြပြီး အမွှေးနံ့သာ၊ ရွှေရည်ငွေရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာ့အနုပညာဗဟိုဌာန(မန္တလေး) အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နိုင်ငံတကာအဆင့်မီ မြန်မာ့အနုပညာဗဟိုဌာန(မန္တလေး) တည်ဆောက်ရေးစီမံကိန်းအတွက် ဆောင်ရွက်ထားရှိမှု၊ တည်ဆောက်မည့်အဆောက်အအုံ၏ ဗိသုကာပုံစံ၊ အဆောက်အအုံတွင် ပါဝင်မည့်အခန်းဖွဲ့စည်းပုံတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားရာတွင် မန္တလေးမြို့သည် အနုပညာရှင်များစွာ ပေါ်ထွန်းခဲ့သည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့အနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်၌ လုပ်ဆောင်လျက်ရှိသည့် ဟက်တာ ၄၀၀ အပြင် ၁၀ ဟက်တာ တိုးချဲ့လုပ်ဆောင်မည်




သတင်း » ရဲခေါင်ညွန့်၊ ဓာတ်ပုံ » ဖိုးထောင်

သီလဝါအထူးစီးပွားရေးဇုန်အား လက်ရှိတွင် အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည့် ဟက်တာ ၄၀၀ အပြင် ၁၀ ဟက်တာ တိုးချဲ့ လုပ်ဆောင်မည်ဟု သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ တွဲဖက် အတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ်ထံမှ သိရသည်။

ယခုလက်ရှိအကောင်အထည်ဖော် လုပ်ဆောင်နေသော သီလဝါအထူး စီးပွားရေးဇုန် ဟက်တာ ၄၀၀ တွင် ၁၀ ဟက်တာ ထပ်မံပေါင်းထည့်မည်ဖြစ်၍ ဟက်တာ ၄၁၀ ရှိလာမည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် ဆက်လက်လုပ်ဆောင်မည့် ဟက်တာ ၂၀၀၀ အား မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း များကို မြန်မာနှင့်ဂျပန်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျွမ်းကျင်ပညာရှင် များက ဆောင်ရွက်နေသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐**

### နေရာကွက်၍ မိုးကြီးနိုင်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ယနေ့ နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။



ကြေးမုံစာတည်းရှုထောင့် ၃၁-၈-၂၀၁၅၊ တနင်္လာနေ့

# ရိုင်းတယ်လို့ မှတ်မှာလား

ယခုရက်ပိုင်းအတွင်း လူမှုကွန်ရက်စာမျက်နှာများနှင့် သတင်းစာမျက်နှာများပေါ်တွင် တောဆင်ရိုင်း ခြောက်ကောင်သတင်းမှာ အထူးပျံ့နှံ့နေသည်။ ပဲခူးရိုးမတောတွင်းတစ်နေရာမှ လူတို့နေထိုင်ရာ လူ့ရွာဝန်းကျင်ဒေသများသို့ မျက်စိလည်လမ်းမှား ရောက်ရှိလာသည့်အခါ အထူးအဆန်းသဘော၊ အန္တရာယ်ရှိသည့်သဘော မြင်ကြသည်မှာ လူတို့၏ဓလေ့ဖြစ်သည်။

အမှန်တွင် ဆင်ရိုင်းများဟုဆိုကြသော်လည်း ရိုင်းသောဆင်များမဟုတ်ပါ။ ဆင်ရိုင်းဆိုသည်မှာ မြင်မြင်ရာ၊ မဲမဲမြင်ရာ တိုက်ခိုက်ဖျက်ဆီးတတ်သည့်သဘောရှိပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ အချို့ဒေသများတွင် ဆင်ရိုင်းများနှင့် ကြုံတွေ့ဖူးသည့် အဖြစ်များရှိခဲ့ဖူးပါသည်။ တွေ့ရာလူကို နင်းချေသတ်ဖြတ်ခြင်း၊ နေအိမ်အဆောက်အအုံများအား ဖျက်ဆီးခြင်း၊ သီးနှံစိုက်ခင်းများအား ဝင်ရောက်ဖျက်ဆီးခြင်း ရှိခဲ့ဖူးပါသည်။

ယခုဆင်ရိုင်းဟုဆိုကြသော ဆင်ခြောက်ကောင်မှာ ထိုသို့မဟုတ်ပါ။ သက်ရှိသတ္တဝါတိုင်းသည် မိမိတို့ အသက်ရှင်သန်နေထိုင်နိုင်ရန်အတွက် ကြံဆကြိုးပမ်းကြရပါသည်။ လူသတ္တဝါများပင် တစ်နေရာမကောင်းလျှင် တစ်နေရာသို့ပြောင်းသည့် ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်သော အလေ့အထများရှိပါသည်။ ယခုဆင်များသည်လည်း ၎င်းတို့ရှင်သန်ကျက်စားရာ နယ်မြေဒေသများ ကျဉ်းမြောင်းလာသဖြင့် နယ်မြေဒေသအသစ်များကို စွန့်စား ရှာဖွေကြခြင်းသာဖြစ်သည်။

ထိုသို့ရှာဖွေကြရာ၌ နေရာတစ်ခုသို့ရောက်ရှိသောအခါ ထိုနေရာမှ အခြေကျပြီးသား သတ္တဝါများက ဧည့်သတ္တဝါများကို လက်ခံလေ့မရှိဘဲ ရန်ပြုတိုက်ခိုက်တတ်သည့် အစဉ်အလာရှိပါသည်။ ဧည့်သတ္တဝါကလည်း ထိုရေကြည်၊ ထိုမြက်နုရာနေရာ၌ အခြေချနိုင်ရန်အတွက် လက်မခံသောအိမ်ရှင်ကိုပြန်လည်ရန်ပြုတိုက်ခိုက်လေ့ရှိသည်ကို Discovery ရုပ်သံလိုင်းများတွင် မြင်တွေ့နိုင်ပါသည်။

ယခုဤဆင်များမှာ ထိုသို့မဟုတ်ပါ။ တောဆင်ရိုင်းများဟုဆိုသော်လည်း ၎င်းတို့အတွက် အကောင်းဆုံး လမ်းကြောင်းကို ငြိမ်းငြိမ်းချမ်းချမ်းရှာဖွေသွားလာနေကြခြင်းသာဖြစ်သည်။ ဤရေ၊ ဤမြေများမှာ မူလက သတ္တဝါများ ရှင်သန်ကျက်စားရာ တောတောင်များသာဖြစ်ပါသည်။ လူတို့နယ်မြေချဲ့ထွင်လာသောအခါ တောတောင် စားကျက်များ ကွယ်ပျောက်၍ သတ္တဝါများ ပျက်စီးခြင်း၊ ရွှေ့ပြောင်းထွက်သွားရခြင်း၊ ကျန်ရှိသောသတ္တဝါများမှာလည်း ရန်သူသဖွယ်တိုက်ခိုက်ခံရခြင်းများရှိခဲ့ကြပါသည်။

ရေမြေတို့၏သဘာဝအရ သတ္တဝါတို့က ကျူးကျော်ခဲ့ခြင်းမဟုတ်ဘဲ လူတို့ကသာ ကျူးကျော်ဝင်ရောက် ခဲ့ခြင်းသာဖြစ်ပါသည်။ ရေမြေတောတောင်များတွင် မူလကတည်းက ကျင်လည်ကျက်စားခဲ့သော သတ္တဝါများအား အသိဉာဏ်ရှိသော လူသားများက စာနာထောက်ထားကြရမည်ဖြစ်ပါသည်။ ၎င်းတို့အား သွားလမ်းသာ၍ လာလမ်းဖြောင့်အောင် ကူညီစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။

ယခုဖြစ်စဉ်တွင် ထိုသို့မဟုတ်ခဲ့ပါ။ တောဆင်များ ရောက်ရှိရာအရပ်ဒေသများရှိ လူတို့က ဝိုင်းအုံကြည့်ရှုခြင်း၊ ခြောက်လှန့်မောင်းထုတ်ခြင်း၊ ဝိုင်းဝန်းတိုက်ခိုက်ခြင်းများ ရှိခဲ့သည်ဟု သိရပါသည်။ ၎င်းဆင်သတ္တဝါများသည် မိသားစုအသွင်ဖြင့် ရွှေ့ပြောင်းသွားလာနေခြင်းဖြစ်ပြီး လူတို့၏ ရန်မူခြင်းကို မဖြစ်မနေထိပ်တိုက်ကြုံတွေ့ရပါမှ ပြန်လည်တုံ့ပြန်ခြင်းများရှိခဲ့ပါသည်။ ကျန်အချိန်များတွင် ၎င်းတို့လမ်းကို ၎င်းတို့အေးချမ်းစွာကူးပြောင်းသွားလာနေခြင်းဖြစ်ပါသည်။

၎င်းတို့ရွှေ့ပြောင်းသွားလာနေရသည့်အချိန်ကာလမှာ ကြာမြင့်လာပြီဖြစ်သည်။ ဩဂုတ်လ ၁၈ ရက်နေ့မှ ယနေ့အထိ နှစ်ပတ်ခန့်အချိန်ဖြစ်လာခဲ့သည်။ ဆင်ငယ်တစ်ကောင်မှာ ခရီးပန်းသည့်ဒဏ်နှင့်ကျန်းမာရေးချို့တဲ့သောကြောင့် မိသားစုနှင့်ကွဲကွာကျန်ရစ်ခဲ့သည်။ တာဝန်ရှိသူအဖွဲ့အစည်းများကလည်း ဆင်များ ဘေးမသီရန်မခဘဲ မူလနေရာသို့ ငြိမ်းငြိမ်းချမ်းချမ်း ရောက်ရှိရေးအတွက် ထိန်းကျောင်းမောင်းနှင်ပို့ဆောင်မှုများ နေ့စဉ်ပြုလုပ်ပေးနေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ အဆိုပါဆင်များမှာ ဆင်ရိုင်းများနှင့်မတူ တစ်မူထူးသည့် ရေကြည်ရာ မြက်နုရာဒေသကို ငြိမ်းချမ်းစွာ ရှာဖွေသွားလာနေသော ဆင်များဖြစ်ရာ ဆင်ရိုင်းများဟုမမှတ်ယူဘဲ သက်ရှိသတ္တဝါအချင်းချင်း စာနာထောက်ထားသောအားဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရန် တိုက်တွန်းလိုက်ပါသည်။ ။

## မြန်မာ့ကမ်းလွန်ပြင်အတွင်း ကမ်းလွန်ရေနံရှာဖွေခြင်းလုပ်ဆောင်မည်

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံမှ eni နှင့် petro ဗီယက်နမ်တို့ အကျိုးတူပူးပေါင်း၍ မြန်မာ့ကမ်းလွန်ပင်လယ်ပြင် ကမ်းလွန်ရေနံရှာဖွေခြင်းလုပ်ငန်း လုပ်ကွက်အမှတ် MD2 ကို ၂၀၁၆ ခုနှစ်အတွင်း ပြုလုပ်သွားမည်ဟု သိရသည်။

ကမ်းလွန်ရေနံရှာဖွေခြင်းလုပ်ငန်းများ ပြုလုပ်ခြင်းအားဖြင့် ရေနံတွေ့ရှိပါက နိုင်ငံတွင်း စက်မှုလုပ်ငန်းများအတွက် သဘာဝဓာတ်ငွေ့များ ရရှိလာမည့်အပြင် ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချလာနိုင်သဖြင့် နိုင်ငံခြားငွေပိုမိုရရှိလာခြင်း၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်းနှင့် ပြည်ပမှ ရေနံရှာဖွေခြင်း နည်းပညာများကိုပါရရှိလာနိုင်မည်ဟု စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဇေယျာမိုးက ပြောသည်။

သို့သော်လည်း ကမ်းလွန်ရေနံရှာဖွေခြင်းလုပ်ငန်းများ လုပ်ကိုင်လာပါက သဘာဝပတ်ဝန်းကျင်နှင့် ရေသတ္တဝါများ ထိခိုက်ဆုံးရှုံးလာနိုင်သည့်အတွက် သဘာဝပတ်ဝန်းကျင်ဆန်းစစ်ခြင်း ဆောင်ရွက်မှုများအတွက် MIC ၏ ထောက်ခံမှုရရှိမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဟု ဦးဇေယျာမိုးက ထပ်လောင်းပြောသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မိုးက အဆိုပါ ရေနံရှာဖွေခြင်း၏ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ "သက်ရောက်မှုအနေနဲ့ကတော့ သက်ရှိ၊ သက်မဲ့တွေရဲ့ ဇီဝဖြစ်စဉ် ဂေဟစနစ်နဲ့ ပတ်သက်ပြီး အနည်းနဲ့အများ ထိခိုက်စေပါတယ်။ ဒါပေမယ့်လည်း သူတို့က IEE လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေးဆိုင်ရာ ကနဦး လေ့လာဆန်းစစ်မှုတွေကို တစ်နှစ်ကျော်လောက် လုပ်ဆောင်ထားတာ တွေ့ရတယ်။

ပြီးသွားရင်တော့ ဒီအစီရင်ခံစာကို သူတို့ MIC ကို ခွင့်ပြုချက်တင်ရမယ်။ အဲ့ဒီအချိန်ကျရင် MIC ကနေ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဆီကို IE ရယ် IE နဲ့အတူပါလာမယ့်EMP (Environmental Management Plan) နဲ့အတူ ပူးတွဲပြီး တင်ပြပါလိမ့်မယ်။ကျွန်တော်တို့ အနေနဲ့ကတော့ မြန်မာ့ပင်လယ်ရေပြင်နဲ့ပတ်သက်ပြီးတော့ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမယ်။ ဒါ့ကြောင့် ကုမ္ပဏီဘက်ကလည်း ကျွန်တော်တို့ရဲ့ EMPအတိုင်း လိုက်နာဆောင်ရွက်သွားဖို့ လိုပါတယ်။ ပြီးပြည့်စုံမှုရှိတယ်ဆိုရင်တော့ ကန့်ကွက်ရန်မရှိကြောင်း အကြောင်းပြန်မှာပါ" ဟု ပြောသည်။

မြန်မာ့ကမ်းလွန်ပြင်တွင် ရေသတ္တဝါမျိုးစုံ ကျက်စားနေထိုင်လျက်ရှိပြီး ထိုကဲ့သို့ရေနံရှာဖွေခြင်းသည် ကမ်းခြေနှင့်နီးကပ်ပါက ရေနေသတ္တဝါများ၏ သဘာဝအစာကွင်းဆက်အတွက် စိုးရိမ်ရသည့်အပြင် ၎င်းတို့သွားရာလမ်းကြောင်းအပေါ် ကျရောက်လာပါက ထုတ်လုပ်မှုများ ထိခိုက်လာနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဦးမင်းနောင်က ပြောသည်။

သို့ရာတွင် MD2 လုပ်ကွက်သည် ငါးလုပ်ငန်းဦးစီးဌာန၏ သတ်မှတ်ချက်များအရ ငါးသယံဇာတများအတွက် လွတ်ကင်းမှုရှိကြောင်း ဦးမင်းနောင်က ဆက်လက်ပြောသည်။

eni မြန်မာနှင့် petro ဗီယက်နမ်တို့သည် အဆိုပါ ကမ်းလွန်ရေနံရှာဖွေခြင်းလုပ်ငန်း MD2 ကို ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် တင်ဒါစနစ်ဖြင့် မြန်မာနိုင်ငံတွင် လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းကို eni မှ ရှယ်ယာ ၈၀ ရာခိုင်နှုန်း၊ petro မှ ရှယ်ယာ ၂၀ ရာခိုင်နှုန်းတို့ဖြင့် လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး eni သည် ခွဲဝေထုတ်ယူခြင်းစာချုပ်အရ လုပ်ကွက် MD2 အတွင်း လေ့လာခြင်းကာလ၏ ပထမနှစ်နှစ်ကို ကမ်းလွန်ပင်လယ်ရေနံရှာဖွေခြင်းလုပ်ငန်းလုပ်ကိုင်မည်ဟု သိရသည်။

**(ခင်ဇာလီ)**

## ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်း

**ပဲခူး ဩဂုတ် ၃၀**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင် က ရွေးကောက်ပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း
သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု
ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ
အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင်
အတိအလင်း ပြဋ္ဌာန်းထားပါသည်။




## လူကုန်ကူးမှုတားဆီး ကာကွယ်တိုက်ဖျက်ရေး အသိပညာပေးဟောပြော

**သုံးခွ ဩဂုတ် ၃၀**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထက(၁) ပုလဲရတနာခန်းမဆောင်၌ ဩဂုတ် ၂၄ ရက်က လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ သုံးခွ မြို့မရဲစခန်းမှူးဒုရဲမှူးတင်အေးက လူကုန်ကူးခံရခြင်းနှင့်ပတ်သက်ပြီး ရှောင်ကြဉ်နိုင်ရန် သိကောင်းစရာများ၊ လူကုန်ကူးခြင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးခံရခြင်းများ ကြုံတွေ့ရသည့် အခြေအနေများ၊ လူမှောင်ခိုခြင်းကာကွယ်နိုင်ရန် နည်းလမ်းများ အကြောင်းတို့ကို အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ အဆိုပါအခမ်းအနားသို့ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(၀၂၀)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ကျော်ဇေယျာမြင့်၊ ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊

**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြဲန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

မြို့ကြီးတစ်မြို့ဖြစ်သည့်အပြင် ပန်းချီ၊ ပန်းပု စသည့် အနုပညာများ ထွန်းကားခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ များစွာကျန်ရှိနေသည့်နေရာတစ်ခုဖြစ်ပါကြောင်း၊ ထွန်းကားခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များကို လက်ရှိ ပညာရှင်များသည် သမိုင်းပေးတာဝန်အရ ဆက်လက်ထိန်းသိမ်းထားနိုင်သကဲ့သို့ မျိုးဆက်သစ်များကလည်း မိမိတို့ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပညာရပ်များ မပျောက်ပျက်စေရန် ဆက်လက်ထိန်းသိမ်းသွားနိုင်ရေးတို့မှာ အရေးကြီးသည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပါကြောင်း။

ထိုသို့ဆက်လက်ထိန်းသိမ်းနိုင်ရန်၊ ပညာရပ်များကို လက်တွေ့အသုံးချနိုင်ရန်၊ အနုပညာအမွေအနှစ်ပညာရပ်များနှင့်ပတ်သက်၍ ပြည်သူများအား ဖျော်ဖြေတင်ဆက်နိုင်ရန်နှင့် မျိုးဆက်သစ်များကိုလည်း ယင်းအမွေအနှစ်များ ပေးအပ်နိုင်ရန်အတွက် ကောင်းမွန်ခံ့ညားထည်ဝါပြီး ခေတ်မီသည့်အဆောက်အအုံ လိုအပ်သောကြောင့် မိမိတို့အစိုးရလက်ထက်တွင် မန္တလေးနှင့်ရန်ကုန်မြို့တို့၌ ယခုကဲ့သို့သော အဆောက်အအုံကို တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း။

ယခုအဆောက်အအုံပြီးစီးပါက သမားရိုးကျနည်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်းထက် ခေတ်မီသည့်နည်းစနစ်ကို အသုံးပြုကာ တင်ဆက်ဖျော်ဖြေသွားနိုင်မည်ဖြစ်ပါကြောင်း၊မိမိတို့ပြည်တွင်း၌သာမက အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ယဉ်ကျေးမှုအဖွဲ့များကိုပါဖိတ်ခေါ်၍ ပြသဖျော်ဖြေတင်ဆက်သွားနိုင်မည်ဖြစ်ပါကြောင်း။

ယခုအဆောက်အအုံကို တည်ဆောက်ပြီးစီးသွားသည့်အခါ အနုပညာရှင်များ၏ လက်ဝယ်သို့လွှဲပြောင်းပေးအပ်သွားမည်ဖြစ်၍ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်အတွက် အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း စသည်တို့ကို ဆောင်ရွက်ကာ ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆက်လက်ပြီး ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရတာဝန်ယူသည့် ကာလအတွင်း အနုပညာရှင်များအား ယခုကဲ့သို့သော အဆောက်အအုံမျိုးကို တည်ဆောက်ပေးရန် ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ယခုအဆောက်အအုံ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ မိမိတို့၏အနုပညာရှင်များက ပိုမိုကောင်းမွန်ပြည့်စုံသည့် အနုပညာရပ်များတင်ဆက်နိုင်ရန်၊ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေအနှစ်ပေးအပ်သွားနိုင်ရန်၊ ကမ္ဘာ့ယဉ်ကျေးမှုအနုပညာရပ်များနှင့် မိမိတို့ယဉ်ကျေးမှုအနုပညာရပ်များအချင်းချင်း ဖလှယ်အသုံးချနိုင်ရန် စသည့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့်မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်း(၁၀)မျိုး အစည်းအရုံး၏ အနုပညာရှင်များကိုယ်စား သဘင်အစည်းအရုံးနာယက ဦးရွှေနန်းတင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်း(၁၀)မျိုးမှ အနုပညာရှင်များနှင့်အတူ မြန်မာ့အနုပညာဗဟိုဌာန(မန္တလေး) အထိမ်းအမှတ်ဆိုင်းဘုတ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ မြန်မာ့အနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံကို မြေဧက ၈ ဒသမ ၅၀ ဧကအပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး အမြင့်ပေ ၁၀၀ ခန့်ရှိမည်ဖြစ်ကာ အထပ်ခုနစ်ထပ်ပါဝင်မည်ဖြစ်ပြီး လူ ၃၀၀၀ ဝင်ဆံ့နိုင်မည်ဖြစ်သည်။ ယင်းအဆောက်အအုံ၌ စားသောက်ဆိုင်များ၊ တစ်နှစ်ပတ်လုံး ကပြဖျော်ဖြေနိုင်မည့် ပြဇာတ်ရုံများ၊ မြန်မာ့အနုပညာ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် ယာဉ်ရပ်နားရန်နေရာတို့ကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်း(၁၀)မျိုး ပညာရှင်များအား အနုပညာဗဟိုဌာန တည်ဆောက်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး အနုပညာဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုများကို တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်မည်ဖြစ်ကာ အနုပညာသင်တန်းများကိုပါ ဖွင့်လှစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မြရည်နန္ဒာတန်ဖိုးမျှတ အိမ်ရာစီမံကိန်းနှင့် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ စိတ္တရမဟီအဆင့်မြင့် အိမ်ရာစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်များသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့အနုပညာဗဟိုဌာန (မန္တလေး) အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် ရတနာပန္နက်တော်များကို စိုက်ထူ၍ အမွှေးနံ့သာ၊ ရွှေရည်ငွေရည်များဖြင့် ပက်ဖျန်းပေးစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၁၅ ခုနှစ် ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတို ဆရီ အာနီဖာ အာမန် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

❐ **လက်ရှိမှ**

ပထမဆုံး အထူးစီးပွားရေးဇုန်ဖြစ်လာမည့် သီလဝါအထူးစီးပွားရေးဇုန်ကို ဟက်တာ ၂၄၀၀ ထားရှိရန် သတ်မှတ်ထားသော်လည်း ထပ်မံတိုးလာမည့် ၁၀ ဟက်တာကြောင့် စုစုပေါင်း ဟက်တာ ၂၄၁၀ အထိ ရှိလာမည်ဖြစ်သည်။

ဆက်လက် တိုးချဲ့လုပ်ဆောင်မည့်နေရာသည် စီမံကိန်းနှင့် ဆက်စပ်လျက်ရှိပြီး လူနေအိမ်မရှိသည့်နေရာဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

ယနေ့အချိန်တွင် ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှု များလာသည်။ သီလဝါအထူးစီးပွားရေးဇုန်တည်ရှိရာ တောင်ပိုင်းခရိုင်ရှိ သန်လျင်နှင့်ကျောက်တန်းမြို့များရှိ လူဦးရေသည် ရန်ကုန်မြို့ပေါ်ရှိ လူနေထိုင်မှုအချိုး၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိနေသေးသည်။ ထို့ကြောင့် ရန်ကုန်တောင်ပိုင်းခရိုင်တွင် လာရောက်လုပ်ကိုင်နေထိုင်မည့်သူ ပိုမိုများလာနိုင်သည်။ တောင်ပိုင်းခရိုင်ကို လူများနေချင်ဖွယ် ဖြစ်လာစေရန် မြို့ပြပညာရှင်များအနေဖြင့် စနစ်တကျ ကြိုတင်တွက်ချက်ထားသင့်ကြောင်း စီမံခန့်ခွဲမှုကော်မတီတွဲဖက်အတွင်းရေးမှူး ဒေါက်တာ သန်းသန်းသွယ်က ရန်ကုန်တောင်ပိုင်းခရိုင်၏ ရှေ့အလားအလာကို ကြိုတင်ခန့်မှန်းသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို မြန်မာနိုင်ငံ၏စီးပွားရေးအရှိန်အဟုန်၊ ဒေသ၏ စီးပွားရေးအရှိန်အဟုန်ကို မြှင့်တင်နိုင်ရန် မြန်မာနိုင်ငံမှ ထုတ်ကုန်များအား နိုင်ငံခြားသို့ တင်ပို့ရသည့် အခြေအနေမျိုး ရောက်အောင် စီးပွားရေးအရှိန်မြှင့်တင်မှုများလုပ်ဆောင်ရန်၊ လုံခြုံစိတ်ချရသည့် လူမှုဘဝနှင့် သွားလာမှုလွယ်ကူစေရန်၊ မြစ်ချောင်းအင်းအိုင်များ မပျက်မစီးအောင်ထိန်းသိမ်းထားရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် သဘာဝပတ်ဝန်းကျင် ဖြစ်အောင်လုပ်ရန်၊ဒေသခံပြည်သူများနှင့် လာရောက်လုပ်ကိုင်ကြသူများ အဆင်ပြေမှုရှိရန်အတွက် အခြေခံအဆောက်အအုံ ကောင်းမွန်၍ အဆင့်မြင့်မြင့်ရရှိအောင် လုပ်ဆောင်ပေးရန်၊ ဂေဟစနစ်ကို ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စဉ်းစား၍ ထိန်းသိမ်းလုပ်ဆောင်ရန် ဆိုသည့်အချက်များဖြင့် ရည်ရွယ်လုပ်ဆောင်နေကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

❖

## ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယနေ့နံနက် ၁၀နာရီခွဲက လွှတ်တော်အဆောက်အအုံ လွှတ်တော်ရေးရာဆောင် အမှတ် (I-2) တွင် **“မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးတီခွန်မြတ်က “လွှတ်တော်အစည်းအဝေးများ ရပ်နားလိုက်ပြီးဖြစ်သော်လည်း မိမိတို့ ကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ကျန်ရှိနေသေးသည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးများ ဆက်လက်ကျင်းပနေရခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာကြသော ကော်မတီ၊ ကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေး သွားကြရန်ဖြစ်ပါကြောင်း” ပြောကြားသည်။

မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ၁၉၇၃ ခုနှစ် အင်္ဂလိပ်ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်၍ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် စကားရပ်များ ပြင်ဆင်ခြင်း၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်မှ နိုင်ငံကူးသင်္ဘောဖြတ်သန်းခ ဝင်ငွေများ ရရှိစေရေး၊ မီးပြတိုက်များကို အဆင့်မြှင့်တင်ရေးနှင့် ရေနက်ဆိပ်ကမ်းကြီးများ အသစ်ပေါ်ပေါက်လာပါက ဝန်ကြီးဌာန၏ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့နိုင်ရေးနှင့် ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် အဖွဲ့ဝင်များ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးအေးဖေ၊တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာဝင်းသိမ်း၊ ဦးသန်းမောင်နှင့် ဦးဆန်းလင်း၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ငွေပေးအပ်

**ရွှေတောင် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ပြည်ရေနံမြေမှ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ငွေကြေးအကျိုးခံစားခွင့် ပေးအပ်သည့်အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီတွင် ပြည်ရေနံမြေ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ရေနံမြေမှ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ အာမခံအလုပ်သမား ဦးရဲထွန်း၏ ကျန်ရစ်သူမိသားစုအတွက် နာရေးစရိတ်နှင့် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၃၁၅၆၁၄၀ ကို ပေးအပ်သည်။

ဆက်လက်၍ ကျန်ရစ်သူမိသားစုကိုယ်စား ပြည်ရေနံမြေမှ အထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့်က ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ဝန်ကြီးချုပ်အာဘေး၏ လုံခြုံရေးဥပဒေမူကြမ်း မြို့တော်တိုကျို၌ ဆန့်ကျင်ကန့်ကွက်ဆန္ဒပြ




**တိုကျို ဩဂုတ် ၃၀**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လုံခြုံရေး ဥပဒေမူကြမ်းကို ဆန့်ကျင်ကန့်ကွက်သူများက ဩဂုတ် ၃၀ ရက်တွင် မြို့တော်တိုကျို၌ စုဝေးဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန်တပ်ဖွဲ့များအား ပင်လယ်ရပ်ခြားနိုင်ငံများသို့ တိုက်ခိုက်ရေးတာဝန်ဖြင့် စေလွှတ်ခွင့်ပေးရန် ဖော်ပြသည့် ဥပဒေမူကြမ်းကို ဆန့်ကျင်သူများက ပါလီမန်အဆောက်အအုံအနီးတွင် စုဝေးကာ ဆန္ဒပြခဲ့ကြသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လုံခြုံရေးမူဝါဒအပေါ် ပြည်သူများက ယုံကြည်မှုမရှိသည့် လက္ခဏာတစ်ရပ်အဖြစ် ပြည်သူအများအပြားက စုဝေးဆန္ဒပြကြခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ နှစ်ပေါင်းအတန်ကြာကာလအတွင်း အကြီးကျယ်ဆုံး ဆန္ဒပြပွဲတစ်ရပ်ဖြစ်ပြီး လူပေါင်း ၁၂၀၀၀၀ ခန့် ပါဝင်ဆန္ဒပြခဲ့ကြကြောင်း ဆန္ဒပြပွဲ စည်းရုံးဆော်သြသူများက ပြောကြားကြသည်။ "စစ်ပွဲ အလိုမရှိ"၊ "အာဘေး ရာထူးမှနုတ်ထွက်ပေး" စသည်ဖြင့် ဆန္ဒပြသူများက ကြွေးကြော်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ပြီးကာလ၌ စစ်အင်အားတိုးချဲ့မှုအား ထိန်းချုပ်ကန့်သတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းများကို ဖြေလျှော့နိုင်ရန် ဝန်ကြီးချုပ် အာဘေး၏ ကြိုးပမ်းမှုနှင့်ပတ်သက်၍ ပြည်သူများက ဆန္ဒပြပွဲများကို ရက်သတ္တပတ်ကုန်တွင် ပြုလုပ်ခဲ့ကြသည်။

**ရိုက်တာ။**

❑



# ကွဲကွာ ကိုရီးယားမိသားစုများ ပြန်လည်ဆုံစည်းရေး ဆွေးနွေးပွဲပြုလုပ်ရန် မြောက်ကိုရီးယားသဘောတူ

**ဆိုးလ် ဩဂုတ် ၃၀**
ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာသွားခဲ့ကြရသော မိသားစုများ ပြန်လည်ဆုံစည်းရေး အစီအစဉ်အကောင်အထည် ဖော်ရေးနှင့် ပတ်သက်၍ စက်တင်ဘာ ၇ ရက်တွင် ဆွေးနွေးပွဲကျင်းပရန် တောင်ကိုရီးယား ကြက်ခြေနီအဖွဲ့၏ ကမ်းလှမ်းချက်ကို မြောက်ကိုရီးယားနိုင်ငံက လက်ခံလိုက်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ကိုရီးယားနှစ်နိုင်ငံကို ပိုင်းခြားထားသော စစ်မဲ့ဇုန်အတွင်းရှိ ပန်မွန်ဂျုံကျေးရွာ၌ နှစ်ဖက်တွေ့ဆုံ ဆွေးနွေးကြရန် တောင်ကိုရီးယား ကြက်ခြေနီအဖွဲ့က အဆိုပြုခဲ့ကြောင်း ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားလျက် ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြသည်။

ကွဲကွာမိသားစုများ ပြန်ပေါင်းထုပ်ရေး အစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးပွဲပြုလုပ်ရန် သဘောတူညီကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ ပြန်ကြားစာကို ပန်မွန်ဂျုံကျေးရွာရှိ ဆက်သွယ်ရေး အရာရှိမှတစ်ဆင့် လက်ခံရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

၁၉၅၀-၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲအတွင်း ကွဲကွာခဲ့ကြရသော မိသားစုဝင်များ ပြန်လည်ဆုံစည်းမှုကို ပုံမှန်ပြုလုပ်သွားရန် တောင်ကိုရီးယားနိုင်ငံက အဆိုပြုခဲ့သည်။

ကွဲကွာလျက်ရှိကြသော မိသားစုဝင်များမှာ ယခုအခါ အသက်(၇၀)ကျော်၊ (၈၀)ကျော် အရွယ်တို့တွင် ရှိနေကြပြီး ၎င်းတို့ ကွယ်လွန်အနိစ္စမရောက်မီ ပြန်လည်ဆုံစည်းရန် ဆန္ဒရှိနေကြကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအရ မိသားစုဝင်များ ပြန်လည်ပေါင်းစည်းခွင့်ရရှိရန် အစီအစဉ်များကို ပုံမှန်ပြုလုပ်သွားသင့်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကျိုဒို။**

# အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ပါကစ္စတန် ဝန်ကြီးချုပ်အား တွေ့ဆုံ

**အစ္စလာမ္မာဘတ် ဩဂုတ် ၃၀**
အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးအရာရှိ ဆူဆန်ရိုက်စ်သည် ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလာမ္မာဘတ်သို့ ဆိုက်ရောက်လာခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ဝန်ကြီးချုပ် နာဝပ်ရှာရစ်ဖ်အား တွေ့ဆုံကာ ဒေသဆိုင်ရာလုံခြုံရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း ဒေသဆိုင်ရာ ပီတီဗွီသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပါကစ္စတန် ထိပ်တန်းလုံခြုံရေး အကြံပေးအရာရှိ ဆာတက်အဇစ်နှင့် ဘဏ္ဍာရေးဝန်ကြီး အရှစ်ဒါးတို့ တက်ရောက်ခဲ့ကြသည်။

ဆူဆန်ရိုက်စ်သည် ပါကစ္စတန် စစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် နယ်စပ်ဖြတ်ကျော် အမြောက်ပစ်ခတ်မှုကြောင့် တင်းမာမှု ဖြစ်ပေါ်နေချိန်တွင် အစ္စလာမ္မာဘတ်သို့ ဆူဆန်ရိုက်စ် ရောက်ရှိလာခြင်းဖြစ်သည်။ ပါကစ္စတန်နှင့် အိန္ဒိယတို့အကြား တင်းမာမှုဖြစ်ပေါ်နေခြင်းနှင့် ပတ်သက်၍ အမေရိကန်နှင့် အခြားသော မဟာမိတ်နိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိကြသည်။

**ဆင်ဟွာ။**

○

# အာဖဂန်တပ်ဖွဲ့၏တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၅၁ ဦးသေဆုံး

**ကဘူးလ် ဩဂုတ် ၃၀**
အာဖဂန်နစ္စတန်တပ်ဖွဲ့၏ တိုက်ခိုက်မှုများကြောင့် စစ်သွေးကြွ ၅၁ ဦးသေဆုံးကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြောကြားသည်။

စနေနေ့နံနက်ပိုင်းကတည်းက အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၁၄ ခုတွင် အာဖဂန်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုများအတွင်း တာလီဘန်သောင်းကျန်းသူ လေးဦး ထိခိုက်ဒဏ်ရာရရှိသွားပြီး ၂၂ ဦးကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အဆိုပါတိုက်ခိုက်မှုများအတွင်း သောင်းကျန်းသူများထောင်ထားသည့် လမ်းဘေးဗုံးများနှင့် တိုက်ခိုက်မှုများကြောင့် အာဖဂန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့ရသည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၀၁ ခုနှစ်မတိုင်မီက အာဖဂန်နိုင်ငံကို အုပ်ချုပ်ခဲ့သည့် တာလီဘန်စစ်သွေးကြွအဖွဲ့သည် လက်နက်ကိုင်တိုက်ခိုက်ခြင်း၊ ချုံခိုတိုက်ခိုက်ခြင်း၊ အသေခံဗုံးခွဲခြင်း၊ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

**ဆင်ဟွာ။**

# မလေးရှားဝန်ကြီးချုပ်နာဂျစ်အား ဖြုတ်ချရန် ပြည်သူ့အင်အားလိုအပ်ဟု ဝန်ကြီးချုပ်ဟောင်း မဟာသီပြော



**ဂျကာတာ ဩဂုတ် ၃၀**
မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်အား အကျင့်ပျက်ခြစားမှုကြောင့် ရာထူးမှဆင်းပေးရန် ဒုတိယနေ့အဖြစ် ဆက်လက် ဆန္ဒထုတ်ဖော်ခဲ့ကြသည့် ပြည်သူများကြားတွင် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီမိုဟာမက်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

"ပြည်သူတွေအတွက် သန့်ရှင်းတဲ့ အုပ်ချုပ်ရေးစနစ် ပြန်လည်ရရှိဖို့ တစ်ခုတည်းသော နည်းလမ်းမှာ ဒီဝန်ကြီးချုပ်ကို ဖြုတ်ချဖို့သာဖြစ်တယ်။ ဒီလိုဖြုတ်ချဖို့ဆိုတာ ဆန္ဒထုတ်ဖော်တဲ့ ပြည်သူ့အင်အား လိုအပ်တယ်"ဟု ဝန်ကြီးချုပ်ဟောင်း မဟာသီက ဆန္ဒထုတ်ဖော်သူ ပြည်သူ့အင်အားကို တောင်းခံဆော်သြလျက် ရိုက်တာသတင်းဌာနကို ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်နာဂျစ်သည် နိုင်ငံခြားအလှူရှင်များ၏ ဘဏ်စာရင်းများထဲမှ သူ၏ဘဏ်စာရင်းထဲသို့ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ကို ခိုင်မာသည့် အကြောင်းအရင်းမရှိဘဲ လွှဲပြောင်းခဲ့ရာမှ ပြည်သူများ၏ မကျေနပ်မှုကို မြင့်တက်စေခဲ့ခြင်းဖြစ်သည်။ သို့သော် ဝန်ကြီးချုပ်က သူ့အားစွပ်စွဲမှုကို ပယ်ချခဲ့သည်။

ယခုဆန္ဒထုတ်ဖော်မှုသည် ဝန်ကြီးချုပ်အား ရာထူးမှနုတ်ထွက်သွားရန် ဖိအားပေးနိုင်မည့် ပြည်သူ့အင်အားကို စေ့ဆော်ပေးသော ခေါင်းဆောင်တစ်ဦးလိုအပ်နေကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။ ထို့ပြင် ယခုဆန္ဒထုတ်ဖော်မှုတွင် မလေးလူမျိုးအနည်းငယ်သာပါဝင်ပြီး ဆန္ဒထုတ်ဖော်သူအများစုမှာ တရုတ်နှင့် အိန္ဒိယနိုင်ငံသားများဖြစ်သည့်အတွက် ၎င်းတို့၏ဆန္ဒထုတ်ဖော်တောင်းဆိုမှုမှာ ထိရောက်မှုမရှိကြောင်း တွေ့ရှိရသည်။

**ရိုက်တာ။**



○ကျောဖုံးမှ

ကော့ကရိတ်-သယ်န်းညီနောင်-မြဝတီ လမ်းမကြီးသည် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် မဲဆောက်မြို့နှင့် ဆက်စပ်လျက်ရှိသည့်အပြင် အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံကို ဆက်သွယ်ပေးထားသည့် လမ်းမကြီး၏ အစိတ်အပိုင်းဖြစ်ရုံသာမက မဟာမဲခေါင်ဒေသ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းတို့၏ အစိတ်အပိုင်းလည်း ဖြစ်ကြောင်း၊ ၄၅ ဒသမ ၄၅ ကီလိုမီတာရှည်လျားသည့် ယခုလမ်းမကြီးကို တည်ဆောက်လိုက်ခြင်းသည် မြန်မာနှင့်ထိုင်းနိုင်ငံအကြား ကုန်သွယ်မှု တိုးတက်ဖွံ့ဖြိုးလာစေမည့်အပြင် မဟာမဲခေါင်ဒေသအတွင်းရှိ နိုင်ငံများသာမက အာရှနိုင်ငံများနှင့်လည်း ဆက်သွယ်မှုပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း။

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နီးကပ်သည့် ချိတ်ဆက်ဆောင်ရွက်မှုများ၊ အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေသည့် ဆက်ဆံရေးတစ်ရပ်တည်ဆောက်ထားခြင်းကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးတက်လျက်ရှိပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများအနက် အဆင့်(၂)တွင် ရပ်တည်လျက်ရှိသည့်နိုင်ငံဖြစ်ကြောင်း၊ မြဝတီ-ကော့ကရိတ်လမ်းသည် နယ်စပ်ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေမည့် အဓိကလမ်းကြောင်းတစ်ခုဖြစ်သောကြောင့် ဆက်သွယ်သွားလာမှုကောင်းခြင်းသည် မိမိတို့ မျှော်မှန်းထားသည့် ကုန်သွယ်မှုပမာဏကို ရောက်ရှိစေပြီး နယ်စပ်ဒေသနှင့် ယင်းဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကိုလည်း များစွာအထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကေအင်န်ယူ-ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးက ယနေ့ဖွင့်လှစ်လိုက်သည့်လမ်းသစ်ကြောင့် ကရင်ပြည်နယ်ဆီသို့ ကုန်စည်စီးဆင်းမှုလွယ်ကူခြင်းမှတစ်ဆင့် တစ်နိုင်ငံလုံးအတွက် အကျိုးခံစားကြရမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းသစ်မှ ဒေသတွင်းနိုင်ငံများအတွက် အကျိုးကျေးဇူးများ မျှဝေခံစားနိုင်ကြမည်ဖြစ်ပြီး အာဆီယံစီးပွားရေးလူ့အဖွဲ့ အစည်း (AEC) ဖော်ထုတ်ရေးကို အဓိကအထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုတာဝန်လွှဲပြောင်းပေးအပ်မှုမှစ၍ မြန်မာနိုင်ငံအနေဖြင့် လမ်းမကြီးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် တည်ငြိမ်မှုတို့ကို ရှေ့ဆက်တာဝန်ယူကြရမည်ဖြစ်ကြောင်း၊ မျှတသည့် အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းလာစေမည့် အာရှအမြန်လမ်းမကြီးနှင့် ထိုင်း-မြန်မာ ချစ်ကြည်ရေး ပိုမိုတိုးတက်ကောင်းမွန်အဓွန့်ရှည်ပါစေကြောင်း ဆန္ဒပြုပြီး ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က မြဝတီ-ကော့ကရိတ်ကြားတွင်ရှိနေသည့်လမ်းကို ပိုမိုကောင်းမွန် အဆင်ပြေချောမွေ့စေရန်အတွက် ယခုအမြန်လမ်းကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအဆင့်မြင့်တင်ဖောက်လုပ်ခဲ့သော အမြန်လမ်းသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံကြားတွင်ရှိသည့် လမ်းကြောင်းဖြစ်ပြီး ပြည်တွင်းသာမက နိုင်ငံတကာအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်လွယ်ကူလာပြီး မဲဆောက်အထူးစီးပွားရေးဇုန်မှထွက်ရှိလာမည့် ကုန်စည်များကို လွယ်ကူချောမွေ့စွာ သယ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးတို့က ကော့ကရိတ်-သယ်န်းညီနောင်-မြဝတီလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး နှစ်နိုင်ငံခေါင်းဆောင်များနှင့်အဖွဲ့သည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ရှေ့တွင် စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံ see sang Co.,Ltd. ဥက္ကဋ္ဌက ယာဉ်အလေးချိန်စစ်ဆေးသည့် ကတ္တားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ကော့ကရိတ်-သယ်န်းညီနောင်-မြဝတီလမ်းပိုင်းမှာ ၁၆ မိုင် ၆ ဖာလုံအရှည်ရှိပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှစတင်ကာ ထိုင်းနိုင်ငံ အကူအညီဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဧပြီလတွင် ပြီးစီးခဲ့သည်။ အဆိုပါလမ်းပိုင်းကို ထိုင်းဘတ် ၁၁၆၆ သန်း အသုံးပြုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ရောက်ရှိကြပြီး ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂) ပန္နက်တင်အခမ်းအနားသို့တက်ရောက်ကြသည်။ ရှေးဦးစွာ ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂) တည်ဆောက်ရေးရှင်းလင်းဆောင်တွင် ခင်းကျင်းပြသထားသည့် တံတားပုံစံငယ်အား ကြည့်ရှုကြသည်။

ထို့နောက် ထိုင်းနိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ချစ်ကြည်ရေးတံတားအမှတ်(၂) တည်ဆောက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dr. Somkid Jatusripitak က အရှေ့-အနောက် စီးပွားရေးစင်္ကြံဆက်သွယ်မှုသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြားတွင်ရှိသည့် ပိုမိုတိုးတက်လာမည့် ဆက်သွယ်ရေးလမ်းကြောင်းများအတွက် အဆိုပါတံတားကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းချစ်ကြည်ရေးတံတားသည် မကြာမီတာခ့်ခရိုင်အတွင်းတွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်အတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် ထိုင်းနှင့် မြန်မာနိုင်ငံအပြင် နိုင်ငံတကာကုန်သွယ်ရေးကိုလည်း အထောက်အကူဖြစ်ပြီး အာဆီယံအမြန်လမ်းပုံစံအတိုင်း အဆင့်မီတည်ဆောက်မည့်တံတားဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) ပန္နက်တင်မင်္ဂလာအခမ်းအနားသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုမြင့်တင်ရေးအတွက် သန္နိဋ္ဌာန်ချမှတ်ထားသည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနတို့အကြား တည်ဆောက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို မကြာမီလက်မှတ်ရေးထိုးနိုင်မည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအသစ်တစ်ရပ်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)သည် နှစ်နိုင်ငံပြည်သူများအကြား စည်းလုံးညီညွတ်မှု၊ ဆက်ဆံရေးကောင်းမွန်မှုများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို ဖော်ဆောင်ပြသနိုင်မည့် မှတ်တိုင်သစ်တစ်ခုဖြစ်ကြောင်း။

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)သည် ဗီယက်နမ်၊ လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ကို ဆက်သွယ်ပေးမည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံ၏ အရေးပါသောလမ်းကြောင်းပေါ်တွင် တည်ရှိနေပါကြောင်း၊ အဆိုပါတံတားသည် မြန်မာ-ထိုင်း နှစ်နိုင်ငံအတွက်သာမကဘဲ မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းစေမည့် တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ ယခုထပ်မံတည်ဆောက်မည့် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားကြီးသည် အိမ်နီးချင်းနှစ်နိုင်ငံကို ပိုမိုနီးကပ်စေရန် ဆက်သွယ်ပေးမှုအပြင် နယ်စပ်ဒေသရှိပြည်သူများအကြား တစ်ဦးအပေါ်တစ်ဦးနားလည်မှု၊ ရိုင်းပင်းကူညီမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်တတ်သော ခံယူချက်များကိုလည်း ချိတ်ဆက်ပေးမည့်တံတားတစ်စင်းဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) စတင်တည်ဆောက်နိုင်ရေးအတွက် စက်ခလုတ်နှိပ်၍ ပန္နက်တင်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)သည် အရှည် ၂၇၀ မီတာ၊ မြန်မာဘက်ခြမ်း ချဉ်းကပ်လမ်း ၃ ဒသမ ၆၀ ကီလိုမီတာနှင့် ထိုင်းနိုင်ငံဘက်ခြမ်း တံတားချဉ်းကပ်လမ်း ၁၇ ဒသမ ၂၅ မီတာဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး MTT Group မှ စီစဉ်၍ ALL STARS BIG FIGHTS နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ် (သိမ်ဖြူ) လက်ဝှေ့အားကစားရုံ၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အခြားပွဲစဉ် သုံးချီစိန်ခေါ်ပွဲငယ်နှစ်တွဲနှင့် ငါးချီစိန်ခေါ်ပွဲ ခြောက်တွဲ ထိုးပြီးခဲ့ရာ ပရိသတ်များ ရုံပြည့်လာရောက်အားပေးကြသည်။

ပရိသတ် မျှော်လင့်စောင့်စားနေသည့် ပွဲစဉ်တစ်ပွဲဖြစ်သော ပွဲစဉ်(၇) ငါးချီစိန်ခေါ်ပွဲတွင် ဆီးဂိမ်းရွှေတံဆိပ်ဆုနှင့် ဒဂုံအောင်လံဆုရှင် မြန်မာ့လက်ဝှေ့ကျော် တူးတူးနှင့် မက်သရူး (ကနေဒါ)တို့က အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

တူးတူးနှင့် မက်သရူး(ကနေဒါ)တို့သည် ပထမအချီတွင် သွေးတိုးစမ်းကန်ချက်တို့ဖြင့် တစ်ယောက်အမှား တစ်ယောက် စောင့်ကြည့်ကာ သွေးအေးစွာ ထိုးသတ်ကြပြီး ဒုတိယအချီ၊ တတိယအချီတို့တွင် မက်သရူး၏ ချုပ်ဒူးညာ ခြေဖြတ်ကန်လုံးနှင့် လျှပ်တစ်ပြက် လက်သီးများနှင့် တူးတူး၏ နောက်ပြန်ညာခြေကန်လုံး၊ ခေါင်းတိုက်ချက်များနှင့် ဘယ်ဝိုက် ညာဝိုက် လက်သီးတွဲလုံးတို့ဖြင့် ထိုးသတ်ကြရာ စတုတ္ထအချီမြောက်တွင် တူးတူးက မက်သရူး(ကနေဒါ)ကို အားပါသော လက်သီးတွဲလုံးများဖြင့် ဝမ်းဗိုက်သို့ဆင့်ထိုးရာ မက်သရူး (ကနေဒါ)လဲကျပြီး ယင်းအချီ ၁ မိနစ် ၈ စက္ကန့်တွင် အနားတောင်းခဲ့၏။ အနားတောင်းပြီးနောက် ထိုးသတ်စဉ် တူးတူးက မက်သရူး(ကနေဒါ)ကို ညာခြေ၊ ဘယ်ခြေကန်ချက်များနှင့် ဝမ်းဗိုက်သို့ ဆင့်ထိုးလက်သီးများ ဆက်လက်ပစ်သွင်းလိုက်ရာယင်းအချီ ၁ မိနစ် ၃၅ စက္ကန့်တွင် မက်သရူး (ကနေဒါ)လဲကျပြီး အမှတ်စဉ်ရေတွက်ရာတွင် ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့သဖြင့် တူးတူးအနိုင်ရရှိခဲ့သည်။

ငါးချီစိန်ခေါ်ပွဲ၏ နောက်ဆုံးပွဲစဉ်ဖြစ်သော ဆီးဂိမ်းရွှေတံဆိပ်ဆုနှင့် ရွှေခါးပတ်ချန်ပီယံ ထွန်းထွန်းမင်းနှင့် ဂျက်ဆင်(ဘရာဇီး)တို့ ထိုးသတ်ခဲ့ရာ ပရိသတ်အထူးအားပေးမှုရရှိခဲ့သည်။


ထွန်းထွန်းမင်း ကန်ချက်ကြောင့် ဂျက်ဆင် (ဘရာဇီး)လဲကျသွားစဉ်။

ထွန်းထွန်းမင်းနှင့် ဂျက်ဆင် (ဘရာဇီး)တို့ပွဲစဉ်၌ ပထမအချီအစ၌ပင် ထွန်းထွန်းမင်းက ပြင်းအားပါသော ညာခြေကန်ချက်ဖြင့် ဂျက်ဆင် (ဘရာဇီး)၏ ဘယ်ခြေထောက်ကို ဆင့်ကန်ပြီး ညာဝိုက်လက်သီးများဖြင့် တရစပ်တိုက်စစ်ဆင်ထိုးသတ်၏။ ထွန်းထွန်းမင်းက ပြိုင်ဘက် ဂျက်ဆင် (ဘရာဇီး)၏ အားနည်းချက်ဖြစ်သည့် အောက်ခြေကြံ့ခိုင်မှု အားနည်းလာသော ဘယ်ခြေကိုသာ အဓိကဖိကန်သဖြင့် ရေရှည်တောင့်မခံနိုင်တော့ဘဲ လဲကျသွားသဖြင့် ပထမချီ ၁ မိနစ် ၂၂ စက္ကန့်တွင် ဂျက်ဆင် (ဘရာဇီး)အနားတောင်းခဲ့ရသည်။ အနားတောင်းပြီး ဆက်လက်ယှဉ်ပြိုင်ထိုးသတ်စဉ် တွဲဆိုင်းထိုးလုံးများနှင့် အောက်ခြေဖြတ်ကန်ချက်များဖြင့် ထွန်းထွန်းမင်းက ထိုးသတ်ခဲ့ရာ ဂျက်ဆင် (ဘရာဇီး)သည် ဘယ်ခြေထောက် မထောက်နိုင်တော့ဘဲ အမှတ်စဉ်သုံးကြိမ် ရေတွက်သောကြောင့် ပထမအချီမှာတွင် အရှုံးပေးလိုက်ရသည်။

ပါဝင်ထိုးသတ်မည့် တွဲဆိုင်းများဖြစ်သည့် သုံးချီစိန်ခေါ်ပွဲတွင် အောင်ကျော်စိုး (ဒို့ရိုးရာ)နှင့် ထွန်းမင်းအောင် (မုဒုံ)တို့က ပူးတွဲသရေ၊ ထွန်းမင်းနိုင်(မုဒုံ)၊ ဖြိုးလင်းဇော်(အဖြူရောင်သွေးသစ်) တို့က ပူးတွဲသရေ၊ ရဲသွေးနီ (တောင်ကလေး)က မျိုးဆက်သစ်(မွန်ပြည်နယ်)အား ဒုတိယအချီတွင် အနိုင်ထိုး၊ ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)က ရာမာန်(နဂါးမာန်)အား တတိယအချီတွင် အနိုင်ထိုး၊ သွေးသစ်အောင် (နဂါးနီ)က ရဲရင့်အောင် (နဂါးမာန်)အား ပထမအချီတွင် အနိုင်ရခဲ့ပြီး ဝါရင့်လက်ဝှေ့ကျော် စောငမန်း (ရွှေဖူး)နှင့် သပြေညို(မိဂသီ)တို့က ပူးတွဲသရေကျခဲ့သည်။

**သတင်း - ကိုသက်(ဗိုလ်တထောင်)**
**ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**

# အစားအသောက်နှင့်ဆေးဝါးကြပ်ကဲရေးလုပ်ငန်းများ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရန် ဆောင်ရွက်မည်

**ရန်ကုန် ဩဂုတ် ၃၀**

အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစဉ်သည် အမျိုးသားလုံခြုံရေးနှင့် နှီးနွယ်ပတ်သက်နေသည်ဆိုခြင်းကို ယခုအခါ တစ်ကမ္ဘာလုံးတွင် လက်ခံကျင့်သုံးလျက်ရှိပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Kandawgyi Palace Hotel ၌ ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားသည်။

အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနသည်အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ အလှကုန်ပစ္စည်းဆိုင်ရာအမိန့်တို့တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးကာ မြန်မာနိုင်ငံတစ်ဝန်း အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး စစ်မှန်ကောင်းမွန်သည့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော အစားအသောက်များ၊ အလှကုန်နှင့်လူသုံးကုန်ပစ္စည်းများရရှိသုံးစွဲနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ၊ လုပ်ငန်းတာဝန်များကို တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန်အတွက် လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်နေသည့် ကိစ္စရပ်များအား ရှင်းလင်းပြောကြားမည့်အပေါ် ပိုမိုကောင်းမွန်သည့်နည်းလမ်းများရရှိစေရန် ဆွေးနွေးပေးကြစေလိုကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွယ်ဌာနများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်ပြီးအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်သည်။

ယခုအခါပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ တိုးတက်လာသောကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုတို့နှင့် လိုက်လျောညီထွေဆောင်ရွက်နိုင်ရန်အတွက် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနကို အဆင့်မြှင့်တင် တိုးချဲ့ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ပြောင်းလဲခြင်း၊ ခေတ်နှင့်လျော်ညီသည့် ဥပဒေများပြင်ဆင်ရေးဆွဲခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအလုပ်ရုံဆွေးနွေးပွဲတွင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏လုပ်ငန်းတာဝန်များ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများရှင်းလင်းစွာ သိရှိနိုင်ရန်နည်းလမ်းများရှာဖွေဖော်ထုတ်ခြင်း၊ နှီးနွယ်ဆက်စပ်သည့် မိတ်ဖက်ဌာန၊ အဖွဲ့အစည်းများနှင့်ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေဖော်ထုတ်ခြင်း၊ အများပြည်သူအတွက် ဘေးအန္တရာယ် ကင်းရှင်းပြီးအရည်အသွေးပြည့်မီသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များကို ရရှိသုံးစွဲနိုင်ရန် ကြီးကြပ်ကွပ်ကဲသည့် နည်းလမ်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်ခြင်းတို့ကို အုပ်စု(၃)စုခွဲ၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့အနုပညာလက်ရာရုပ်သေးရုပ်ကလေးများ နိုင်ငံတကာခရီးသွားဧည့်သည်များကိုမျှော်နေ

**မန္တလေး ဩဂုတ် ၃၀**

၂၀၁၅ခုနှစ် ခရီးသွားရာသီတွင် နိုင်ငံတကာခရီးသွားဧည့်သည် ငါးသိန်းခန့်ဝင်ရောက်နိုင်ကြောင်းခန့်မှန်းထားကြသည်။အနောက်နိုင်ငံများက မြန်မာနိုင်ငံကို ခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြုလုပ်၍ အကောင်းဆုံးသောနိုင်ငံဟု သတ်မှတ်ထားသည်။ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းကို မီးခိုးမထွက်သည့် စက်ရုံဟုတင်စားနိုင်သည်။နိုင်ငံတကာ ခရီးသွားဧည့်သည်များသည်မြန်မာ့တောတောင်ရေမြေသဘာဝအလှအပရှုခင်းများကို လေ့လာကာ မြန်မာမှုအနုလက်ရာများကို အမှတ်တရ ဝယ်ယူလေ့ရှိကြသည်။

အများစုသော နိုင်ငံတကာခရီးသွားဧည့်သည်များသည် သယ်ယူပို့ဆောင်မှုအဆင့်ဆင့်အရ လေးလံသော ကြေးထည်ပစ္စည်း၊ပန်းပုပစ္စည်းများထက် ပေါ့ပါးသောမြန်မာမှု အနုပညာလက်ရာမြောက် ပစ္စည်းများကို ဝယ်ယူလေ့ရှိသည်။အများဆုံးဝယ်ယူသော ပစ္စည်းမှာ မြန်မာ့ရှုခင်းပန်းချီကားများ၊ရွှေချည်ထိုးပန်းချီကားများနှင့် ပေါ့ပါးသော မြန်မာ့လက်မှုအနုပညာမြောက် ရုပ်သေးရုပ်ကလေးများကို ဝယ်ယူလေ့ရှိသည်။မန္တလေးမြို့၏ အထင်ကရနေရာများ ဖြစ်ပြီး နိုင်ငံတကာခရီးသွားများစိတ်ဝင်စားသော ရွှေကျောင်းကြီး၊ ဦးပိန်တံတားနှင့် အခြားနေရာများတွင် ရုပ်သေးရုပ်ကလေးများကို ရောင်းချလေ့ရှိသည်။

မြန်မာ့ရုပ်သေးသည်မြန်မာ့သဘင်လောကအမြင့်သဘင်တွင် တည်ရှိသောသမိုင်းဝင်အနုပညာပစ္စည်းပင်ဖြစ်သည်။ မြန်မာ့ရုပ်သေးသည် ကကြိုးများကြောင့် စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ မြန်မာ့ရုပ်သေး၏တန်ဖိုးမှာ ကြိုးဆွဲပညာပင်ဖြစ်သည်။ သစ်သားရုပ်များကို လူ၏အမူအရာနှင့်တူအောင် စွမ်းဆောင်မှုအတွက် ကကြိုးသည် အဓိကဖြစ်နေပေသည်။ မြန်မာ့ရုပ်သေးသည် အဆို၊အက၊ အရေး၊အတီးတို့နှင့်ပေါင်းစပ်ကပြရသည်။ရုပ်သေးပြုလုပ်ရာ၌ ပန်းပုပညာ၊ မျက်နှာခြယ်သရန်ပန်းချီပညာ၊ လည်ဆွဲ၊ပန်းရွဲ၊အဝတ်အစားအချုပ်အလုပ်၊မှန်စီရွှေချ၊ရွှေချည်ထိုး၊ ရွှေဆိုင်းချ၊ဖန်ချက်လုပ်ငန်းတို့နှင့်စုပေါင်းလုပ်ဆောင်မှ လှပသော မြန်မာ့ရုပ်သေးကို ရရှိခြင်းဖြစ်သည်။

လက်ရှိကာလတွင်နိုင်ငံခြားသားခရီးသွားဧည့်သည်များ အတွက် ကကြိုးစုံမပါသည့် အလှပြရုပ်သေးရုပ်ငယ်များကိုအထူးပြုလုပ်ရောင်းချကြသည်။ရုပ်သေးရုပ်တစ်ရုပ်လျှင် ငွေကျပ် ၃၅၀၀ခန့်ပေးရပြီး မန္တလေးမြို့မှ ရုပ်သေးပညာရှင်များက ပြုလုပ်သည်ဟု သိရသည်။ ယခုအခါတွင် နိုင်ငံတကာ ခရီးသွားဧည့်သည်များသည် လေယာဉ်ဖြင့် သယ်ဆောင်ရာတွင် သတ်မှတ်အလေးချိန်များအရ အပေါ့စားမြန်မာမှုလက်ရာများကို အားထားဝယ်ယူကြသည်။ ယခင်ခရီးသွားရာသီများတွင် မြန်မာ့ရုပ်သေးရုပ်ငယ်လေးများကို နိုင်ငံတကာခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုများက ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။ ယခုနှစ်ခရီးသွားရာသီအတွက်သစ်လွင်လှပနေသော မြန်မာမှုအနုလက်ရာရုပ်သေးရုပ်ကလေးများသည် နိုင်ငံတကာခရီးသွားဧည့်သည်များကို မျှော်နေလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**





# ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ

**ညောင်တုန်း ဩဂုတ် ၃၀**

ကရင်တိုင်းရင်းသားများ၏ အထိမ်းအမှတ်ပွဲသဘင်တစ်ခုဖြစ်သည့် ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဩဂုတ် ၃၀ရက်က ညောင်တုန်းမြို့တော်ခန်းမ၌ ကျင်းပသည်။

“ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအစီအစဉ်က ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေရဲ့ အထိမ်းအမှတ်ရိုးရာပွဲတစ်ခုဖြစ်တယ်။ ကျင်းပချင်တာကြာခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့ပါဘူး။ ဒါပထမဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်။ အခုလိုစည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နဲ့ ကျင်းပတဲ့ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေတက်တက်ကြွကြွ လာရောက်ပေးခဲ့ကြတဲ့အတွက်လည်း အလွန်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ပြီးတော့ ဒီအခမ်းအနား အောင်မြင်အောင် လာရောက်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြတဲ့ ပန်းတနော်မြို့နယ် ကရင်စာပေနဲ့ ယဉ်ကျေးမှုကော်မတီက ဒေါက်တာမန်းခင်မောင်စိုးနဲ့ ကူညီသူအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်” ဟု မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီတွဲဖက်အတွင်းရေးမှူး မန်းအောင်မျိုးဦး(ဖောင်ရိုးချောင်းကျေးရွာ)ကပြောသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဒုတိယဥက္ကဋ္ဌ မန်းလှသွင်က ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်းမင်္ဂလာကျင်းပရခြင်း အကြောင်းရင်းများကိုလည်းကောင်း၊ မျိုးဆက်သစ်ကရင်လူငယ်မောင်မယ်များက ဝါခေါင်လအကြောင်းအရာများကို (ကရင်/မြန်မာ) နှစ်ဘာသာဖြင့်လည်းကောင်း ရှင်းလင်း ပြောကြားသည်။

“အခုကျင်းပနေတဲ့ ဝါခေါင်လ ချည်ဖြူဖွဲ့တဲ့အစဉ်အလာကို ကရင်လိုလားခုပ်ပွဲကျင်းပတယ်လို့ ခေါ်ပါတယ်။ လိပ်ပြာခေါ်ချည်ဖြူဖွဲ့ခြင်း၊ ထိမ်းမြားမင်္ဂလာချည်ဖြူဖွဲ့ခြင်းနဲ့ ဝါခေါင်လချည်ဖြူဖွဲ့ခြင်းဆိုပြီး ချည်ဖြူဖွဲ့ခြင်း မင်္ဂလာသုံးမျိုးရှိပါတယ်။ ဝါခေါင်လချည်ဖြူဖွဲ့တဲ့အခါ ထမင်းဖြူခုနစ်ဆုပ်၊ ကောက်ညှင်းထုပ် ခုနစ်ထုပ်၊ ငှက်ပျောသီး ခုနစ်လုံး၊ ပန်းခက် ခုနစ်ခက်၊ ကြံဆစ် ခုနစ်ဆစ်၊ အပ်ချည်ဖြူ ခုနစ်ချောင်းနဲ့ အုန်းရည်ဒါမှမဟုတ် သန့်ရှင်းတဲ့ရေတစ်ဖလားအပြင်ဆန်ကောတစ်ချပ်နဲ့ ယောက်မတစ်ချောင်းလည်းဆက်စပ်ပစ္စည်းအဖြစ် ပါဝင်ပါတယ်။ ကရင်အဘိုး၊ အဘွားတွေက ဒီပစ္စည်းတွေ အသုံးပြုပြီး အစီအစဉ်အတိုင်း ကရင်အမျိုးသား၊ အမျိုးသမီးတွေကို ချည်ဖြူဖွဲ့ပေးကြရပါတယ်။ ဒီလိုဝါခေါင်လ ချည်ဖြူဖွဲ့ပေးတဲ့အတွက် ကွဲကွာနေတဲ့ မိသားစုတွေ ပြန်လည်ဆုံစည်းခွင့်ရခြင်း၊ တစ်ရွာသားနှင့်တစ်ရွာသားများ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လုပ်ငန်းများ နှီးနှောခွင့်ရခြင်း၊ လူမှုရေးကိစ္စရပ်များ ညှိနှိုင်းခွင့်ရခြင်းနှင့် လူငယ်များချစ်ကြည်သွေးစည်းမှုရခြင်းစတဲ့ ရည်ရွယ်ချက်များနဲ့ ကျင်းပခဲ့ကြတာဖြစ်ပါတယ်။ ဒါမှ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းစောင့်ရှောက်ရာရောက်မှာဖြစ်ပါတယ်” ဟု မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင် မန်းမောင်ပုတ် (ဂေါ်ဒူကျေးရွာ)ကပြောသည်။

ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအစဉ်အလာသည် ကရင်လူမျိုးများ၏ ချည်ဖြူဖွဲ့မင်္ဂလာသုံးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်ကြောင်း၊ ကရင်တိုင်းရင်းသားများတွင် စာပေ၊ ဘာသာစကား၊ အနုသုခုမပညာ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ရိုးရာဓလေ့များဟူ၍ ယဉ်ကျေးမှု ငါးမျိုးရှိကြောင်း၊ မိဘကို ရှိခိုးခြင်း၊ နတ်စားခြင်း၊ ချစ်ရေးဆိုခြင်းနှင့် ထိမ်းမြားလက်ထပ်ခြင်း၊ အရှောင်ပေးခြင်း၊ လိပ်ပြာခေါ်ခြင်း၊ နှစ်သစ်ကူးခြင်း၊ ကိုးမြို့တင်ခြင်းနှင့် စုပေါင်းနေထိုင်လေ့ရှိခြင်း စသည်ဖြင့် ရိုးရာ ၁၀ မျိုးရှိကြောင်းသိရသည်။

**(သပြေထွန်း)**

# မြန်မာယူ-၁၉ နှင့် ဗီယက်နမ် ယူ-၁၉ ယနေ့ကစားမည်

အာဆီယံ ယူ-၁၉ ပြိုင်ပွဲအုပ်စု(ခ)နောက်ဆုံးပွဲစဉ်များကို ဩဂုတ် ၃၁ရက်(ယနေ့)တွင် လာအိုနိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းမှာ ဆီမီးတက်ရေး အဆုံးအဖြတ်ပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် မြန်မာစံတော်ချိန်ညနေ ၆ နာရီခွဲတွင် ကစားမည်ဖြစ်သည်။

ယနေ့ယှဉ်ပြိုင်မည့် အုပ်စုပွဲစဉ်များတွင် တီမောနှင့် စင်ကာပူအသင်းတို့မှာ အုပ်စုမှထွက်ရပြီးဖြစ်သောကြောင့် ယင်းပွဲရလဒ်မှာ အရေးမပါတော့ဘဲ မြန်မာနှင့် ဗီယက်နမ်ပွဲမှာ ခုနစ်မှတ်စီရရှိထားသည့် ဗီယက်နမ်၊ မလေးရှားနှင့် မြန်မာအသင်း သုံးသင်းအတွက်အရေးပါလျက်ရှိသည်။ အုပ်စုတွင်း၌ အသင်းများရမှတ်တူနေပါက ဆီမီးဖိုင်နယ်တက်ရောက်ရန် ဂိုးကွာခြားချက်ဖြင့် ဆုံးဖြတ်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ယခုပွဲတွင် အနိမ့်ဆုံး သရေတစ်မှတ်ရရှိရန် လိုအပ်နေသည်။ ဩဂုတ်၃၀ရက်ပွဲစဉ်များအပြီးတွင် ဗီယက်နမ်၊ မလေးရှားနှင့် မြန်မာအသင်းတို့မှာ ခုနစ်မှတ်စီရရှိထားသော်လည်း ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်က ပထမ၊ မလေးရှား ဒုတိယနှင့် မြန်မာက တတိယနေရာတို့တွင် ရပ်တည်နေသည်။ မြန်မာနှင့် ဗီယက်နမ်တို့မှာ ဆီမီးတက်ရေးအတွက် ကိုယ်တိုင်အဆုံးအဖြတ်ခံယူရမည်ဖြစ်ပြီး ပွဲကုန်သွားသည့် မလေးရှားအသင်းမှာမူ မြန်မာပွဲရလဒ်ကိုသာ စောင့်ကြည့်ရမည်ဖြစ်သည်။ ဂိုးကွာခြားချက်တွင် များစွာအသာရထားသည့် ဗီယက်နမ်အသင်းမှာ ဆီမီးတက်ရန် အခြေအနေကောင်းလျက်ရှိသည်။ မြန်မာအသင်းမှာ သရေ(သို့)နိုင်ပါက ဆီမီးတက်မည်ဖြစ်ပြီး ရှုံးနိမ့်မှသာ မလေးရှားအသင်းဆီမီးတက်မည်ဖြစ်သည်။

မြန်မာအသင်းမှာ မလေးရှားနှင့် ပွဲကဲ့သို့ ကစားနိုင်ပါက ယနေ့ပွဲတွင်လည်း ရလဒ်ကောင်းနိုင်မည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

## ကူညီထောက်ပံ့မှုများ

# ရေဘေးသင့်ပြည်သူများအတွက် တိုင်းရင်းဆေးများနှင့် အလှူငွေပေးအပ်

**နေပြည်တော် သြဂုတ် ၃၀**

ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် သဘာဝဘေးသင့်ပြည်သူများအတွက် တိုင်းရင်းဆေးများနှင့် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို သြဂုတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ မိသားစု ထွန်းရွှေဝါတိုင်းရင်းဆေး ထုတ်လုပ်ရေးက ငွေကျပ် ၁၃၃ ဒသမ ၂၈ သိန်းခန့်တန်ဖိုးရှိသော ထွန်းရွှေဝါ တိုင်းရင်းဆေးခြောက်မျိုး၊ ဦးဝင်းထိန်ကျော် (ညွှန်ကြားရေးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) -ဒေါ်ခင်မာညို (ဦးစီးအရာရှိ) မိသားစုက ကျပ်တစ်သိန်းတို့ကိုပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**





# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ လူမှုကူညီထောက်ပံ့ရေးအဖွဲ့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

**ရန်ကုန် သြဂုတ် ၃၀**

မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ဆန် ၄၁၆ အိတ်၊ အဝတ်အစား ၇၇၄ အိတ်၊ ငါးသေတ္တာ၊ အသင့်စားခေါက်ဆွဲထုပ်များ၊ ဆေးဝါးများ အပါအဝင် ပစ္စည်း ၃၁ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၃၀၀ ကျော်ဖိုးကို သြဂုတ် ၂၆ ရက်တွင် လှည်းကူးမြို့ မက်စ်ခါတ်ဆီဆိုင်ခန်းမ၌ ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းအဖွဲ့အစည်းနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ လူမှုကူညီထောက်ပံ့ရေးအဖွဲ့ (မဟာချိုင်/ဘန်ထိုလတ်အခြေစိုက်)တို့က ဧရာဝတီဖောင်ဒေးရှင်းမှ ဦးမိုးအောင်ချောနှင့် တူမောရိုးဂျာနယ်မှ ဦးဝဏ္ဏတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကူညီထောက်ပံ့ရေးပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ ယခုအချိန်တိုင် ရေနစ်မြုပ်နေသော ကျေးရွာများဖြစ်သည့် ရွှေညောင်ပင်၊ လင်းတာကျ၊ ဒါးကညောင်ကုန်း၊ ဇီးပင်ကွင်း၊ သမင်ကုန်း၊ ငဝန်ဒေါင်ကြီး၊ ကင်းတပ်ကျေးရွာများမှ ရေဘေးသင့်ပြည်သူများသို့ သြဂုတ် ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။

ယင်းအဖွဲ့သည် ဧရာဝတီဖောင်ဒေးရှင်းမှတစ်ဆင့် ရေဘေးသင့်ပြည်သူများအတွက် စားသုံးဆီများဝယ်ရန် ငွေကျပ် သိန်း ၄၀ ကိုလည်း ထပ်မံလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပို့ဆောင်

**နေပြည်တော် သြဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများအတွက် ကယားပြည်နယ် အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကယားပြည်နယ် စေတနာရှင်ပြည်သူများကလှူဒါန်းသော လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း သုံးတန်ခန့်ကို နေပြည်တော်ဘူတာမှ အမှတ်(၂)အစုန် ရထားတွဲအမှတ် GVHV-40027 ဖြင့် သြဂုတ် ၂၈ ရက် ည ၇ နာရီတွင် ထွက်ခွာခဲ့ရာ ပဲခူးဘူတာသို့ သြဂုတ် ၂၉ရက် နံနက် ၆ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီအဖွဲ့များက နစ်ဆန်းထရပ်ယာဉ်(၁၂)ဘီးယာဉ်တစ်စီးဖြင့် သယ်ဆောင်၍ ပဲခူးတိုင်းဒေသကြီး သာသနာ့ဗိမာန်သို့ပို့ဆောင်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က လက်ခံရယူ၍ ယင်းပစ္စည်းများအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေဘေးသင့်ဒေသများသို့ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီးမှ ပြည်တွင်းပြည်ပ အလှူရှင်များက ပေးပို့လှူဒါန်းထားသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား စစ်ကိုင်းတိုင်းဒေသကြီးသို့ ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲ မော်တော်ယာဉ် ၁၄ စီးဖြင့် ပို့ဆောင်ခဲ့ရာ သြဂုတ် ၂၈ ရက် နံနက် ၅ နာရီတွင် ရောက်ရှိခဲ့ပြီး ကလေးဝမြို့သို့ ဆက်လက်ပို့ဆောင်ပေးရန် မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းရှိ အေးချမ်းခွန်အား(၁) ရေယာဉ်ပေါ်သို့ တင်ဆောင်ပေးခဲ့ပြီး သြဂုတ် ၂၉ ရက် နံနက် ၉ နာရီတွင် ကလေးဝမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

**နေပြည်တော် သြဂုတ် ၃၀**

ချင်းပြည်နယ် ဟားခါးမြို့ရှိ မြေပြိုမှု ခံစားနေရသော ပြည်သူများကို ထောက်ပံ့ကူညီရန် ပြည်တွင်းအလှူရှင်များကလှူဒါန်းသည့် ဆန်အိတ် ၆၅၀၊ ပလတ်စတစ်ပစ္စည်းပုံး ၁၄၃ ပုံး၊ ကြက်ခြေနီဆေးပုံး ငါးပုံးတို့အား Skat ယာဉ်သုံးစီးနှင့် ဟိုင်မွန်ဂျစ်ခြောက်စီးတို့ဖြင့် ကလေးမြို့မှ ဟားခါးမြို့သို့ သြဂုတ် ၂၇ ရက်တွင် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထို့အတူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီးသို့ ပေးပို့လှူဒါန်းမည့် တိရစ္ဆာန်အစာအိတ် ၁၂၈၀ အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက သြဂုတ် ၂၈ ရက်တွင် ပဲခူးဘူတာမှ ပျဉ်းမနားဘူတာသို့ တင်ဆောင်ထွက်ခွာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# ရေဘေးသင့်ပြည်သူများနှင့် မြေပြိုမှုခံစားနေရသော ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပို့ဆောင်





# ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာရှိ မြေပြိုပျက်စီးအိမ်များအတွက် ပစ္စည်းများထောက်ပံ့ပေးအပ်

**ဟားခါး သြဂုတ် ၃၀**

ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာရှိ မြေပြိုပျက်စီး အိမ် ၁၄ လုံးအတွက် အိမ်ဆောက်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို သြဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာ၌ ဟားခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်မှ ဘေးဒုက္ခစီမံခန့်ခွဲရေး ညှိနှိုင်းရေးမှူး ဦးကျော်ဆန်းဝင်းနှင့် တာဝန်ရှိသူများက အိမ်ဆောက်ပစ္စည်းအိတ် သုံးထုပ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး ၁၄ ပုံးနှင့်အတူ အခြားအသုံးအဆောင်ပစ္စည်းများကို ပေးအပ်ကြရာ သဘာဝဘေးသင့် မိသားစုဝင်များက လက်ခံရယူကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်မှ ဟားခါးမြို့နယ်ရှိ သဘာဝဘေးသင့်ပြည်သူများအတွက် ယနေ့အထိ ထောက်ပံ့မှုမှာ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းပုံး ၆၀၀၊ မိုးကာအလိပ် ၂၀၊ ဆန် ၂၄ ပြည်အိတ် ၂၀၀၊ အိမ်မိုးသွပ်ပြား အချပ် ၂၅၀၀၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းအိတ် ၁၀၀၀၊ ရေသန့်ဆေးပြားထုပ် ၂၁၆၀၀ နှင့် ခါတ်ဆားထုပ် ၆၃၀၀ ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြန်လည်ထူထောင်ရေး

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် ဩဂုတ်(၃၀)ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | – | – | – |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၁၂၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၅၄၄၉၃ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၅၈၃၇၅ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၁၄၀၃ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | – | – |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၇၄၀၃ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၅၁၁ | ၇၆၉၄၁ | ၅၆၄၈၆ | ၆၆၃၇ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၄၁၉၉၅ | ၂၄၉၆၂၇ | ၂၀၄၂၄၅ | ၁၀၄၀၆ |
| **စုစုပေါင်း** | | **၁၄၄၆၆၈၉** | **၁၃၆၅၉၆၉** | **၁၁၀၇၈၁၄** | **၈၃၆၉၃၄** | **၃၅၅၇၄၀** |




### ညောင်တုန်းရေဘေးသင့်ပြည်သူများသို့ တောင်စွန်းဓမ္မဒူတဆရာတော် လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၀**

မွန်ပြည်နယ် တောင်စွန်းဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တကေသဝ၊ ဘဒ္ဒန္တ ဝိမလ(ဓမ္မကထိက)နှင့် အလှူရှင် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ထိန်ကုန်း၊ ရွှေသောင်ယံ၊ လေ့သောင်တင်၊ စာဖြူစု၊ ရွှေဟင်္သာကျွန်း၊ ငွေသောင်ယံ၊ ဘောလုံးတသင်းနှင့် ကျောက်တိုင်ရွာများသို့ ဩဂုတ် ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။

ယင်းလှူဒါန်းပွဲတွင် လူဦးရေ ၁၅၀၀ ကျော်တို့အား ဆန်၊ ငါးသေတ္တာဘူး၊ ခေါက်ဆွဲခြောက်၊ မုန့်မျိုးစုံ၊ ရေသန့်ဘူးနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းနိုင်ခဲ့ပြီး စုစုပေါင်းလှူဒါန်းမှု တန်ဖိုးငွေကျပ်သိန်း ၁၅၀ ကျော် ဖြစ်ကြောင်း သိရသည်။

**ရွှေမေတ္တာ(အင်းစိန်)**



### တမူးခရိုင် ခမ်းပတ်-ကနန် လမ်းပေါ်ရှိ ကနန်ယာယီဘေလီတံတား ကျောက်ခြင်းတိုင် နိမ့်ဆင်းပြီး ယိမ်းယိုင်မှုဖြစ်ပွား

**တမူး ဩဂုတ် ၃၀**

တမူးခရိုင်တွင် ဩဂုတ် ၂၇ ရက် ည ၁၀ နာရီမှ ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီအထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေကျဆင်းမှုများပြားပြီး ခမ်းပတ်-ကနန် လမ်းပေါ်ရှိ တံတားအမှတ်(၃/၅၈) ကနန် ယာယီဘေလီတံတားသည် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက ကနန်ဘက်ခြမ်းရှိ တံတားမှာ ကျောက်ခြင်းတိုင် နိမ့်ဆင်းခဲ့ရာမှ တံတားယိမ်းယိုင်သွားခဲ့သည်။

အဆိုပါ တံတားယိမ်းယိုင်ခဲ့မှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းခွင့် ယာယီပိတ်ထားကြောင်းနှင့် ပြန်လည်ဖြတ်သန်းအသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာ လမ်း/တံတားမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ပြုပြင်လျက်ရှိကြောင်း သိရသည်။

**တမူးခရိုင်(ပြန်/ဆက်)**

### ချင်းပြည်နယ် တွန်းဇံမြို့ တွီးခိန်ဇန်နှင့် ဟားခါးလေးကျေးရွာတို့အား အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၀**

ချင်းပြည်နယ် တွန်းဇံမြို့နယ်တစ်ဝိုက်တွင် ဩဂုတ် ၂၈ ရက် နံနက် ၃ နာရီမှစ၍ နတ်မြောင်းချောင်းရေ ကျဆင်းမှုကြောင့် မျောပါပျက်စီးသွားသော တွီးခိန်ဇန်ကျေးရွာနှင့် ဟားခါးလေးကျေးရွာတို့မှ အိမ်ခြေ ၆၉ လုံး၊ မိသားစု ၆၉ စုအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်တို့၏ ဦးဆောင်စီစဉ်မှုဖြင့် တစ်အိမ်ထောင်လျှင် ထောက်ပံ့လှူဒါန်းငွေကျပ် သုံးသိန်းစီဖြင့် လှူဒါန်းငွေစုစုပေါင်းကျပ် ၂၀၇ သိန်း၊ တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်၊ ဆီ၊ အိုးခွက်ပန်းကန်တစ်စုံနှင့် ပလတ်စတစ်ရေပုံးကြီးတစ်ပုံးစီတို့ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ကလေးကမ္ဘောဇဘဏ်ခွဲတာဝန်ခံနှင့် ဝန်ထမ်းများက ဩဂုတ် ၃၀ ရက်တွင် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် ပြန်လည်စိုက်ပျိုးထားသော စပါးခင်းများကို ဆေးဖျန်းပေးနေစဉ်။ (သတင်းစဉ်)



ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် စပါးပြန်လည်စိုက်ပျိုးရန်အတွက် ထွန်ယက်နေစဉ်။ (သတင်းစဉ်)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၀ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂. ၅၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃. ၅၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၈၈' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၅၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၆။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၉၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၅၅' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၅၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၉၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၁၂။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၀၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၉။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၈၀' |
| ၂၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၅၀' |
| ၂၃။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၈၀' |
| ၂၄။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၂၀' |
| ၂၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၁. ၀၀' |
| ၂၆။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၂၇။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၂၈။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၀' |
| ၂၉။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၈၀' |
| ၃၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၉၀' |

(သတင်းစဉ်)

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် ဩဂုတ် ၃၀**

ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ကျောင်းစိမ်းဝတ်စုံနှင့် စားစရာမျိုးစုံကို တစ်ခေါက်ပေးပို့ခဲ့ကြောင်း သိရသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ရွက်ဖျင်တဲ၊ စောင်နှင့် လျှပ်စစ်မီးအားပေးစက်များ ပါဝင်သော စုစုပေါင်း ကုန်တန်ချိန် ၅၂ ဒသမ ၂၈၁၀၆ အား တရုတ်တပ်မတော်မှ(IL-76) လေယာဉ်ခေါက်ရေ နှစ်ခေါက်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများရှိရာ ဒေသများကို ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကွက်ကျားမိုး

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၂၈ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၃၀ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၂၀၆၃၀ စုမှ လူဦးရေ ၁၆၃၁၆၇၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၂ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၈၇၆၈၃၁၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၃၃၁၁၇၂၉၀ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၁၀၆၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၆၁၁၄၉၉၄၀ကို ပေးပို့ထောက်ပံ့ခဲ့သည်။


## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၃၀-၈-၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၃၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | | ၆၄၀ ၄၅၇၁၀ | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၃၀)ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၉ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၄ | ၃၃၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၁၈၀၀၀၀၀ | | ၁၁၅၇၇၄၄၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၁၂၉၅၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | | ၇၀၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၈၂၀ | ၄၂၆၉ | ၂၁၆၁၈ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၂၈၁၈၉၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၄ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၁၇၀ | - | | ၆၅၀၇၁၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၈၇ | ၁၂၁၆၅၂ | ၅၀၅၂၉၂ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၄၂၀ | - | | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၁၇၆၇၅ | ၄၀၀၄၀၄ | ၁၆၁၆၇၆၁ | ၁၁၅ | ၈၄၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၈၀၈၉၀၀၀၀ | ၃၁၇၄၁၁၇၁၀ | ၉၉၀၀၀၀၀ | ၂၉၃၃၁၅၂၇၀ | ၇၉၇၁၀၄၂၃၀ | |
| | ဇွန်လ၊ ဇူလိုင်လနှင့်ဩဂုတ်လ စုစုပေါင်း | ၁၈၀၈၀ | ၄၀၂၅၅၀ | ၁၆၃၁၆၇၂ | ၁၂၂ | ၈၇၆၈၃၁၅၀ | ၁၅၂၄၄၂၃၀ | ၁၂၁၁၉၀၀၀၀ | ၃၃၃၁၁၇၂၉၀ | ၁၀၆၀၀၀၀၀ | ၂၉၃၃၁၅၂၇၀ | ၈၆၁၁၄၉၉၄၀ | |

# ချင်းပြည်နယ် ဟားခါးမြို့နယ်က စိုးရိမ်ဖွယ်ရာဖြစ်ပေါ်လာတဲ့ သဘာဝတောင်ပေါ်ရေကန်

**ကြိုတင်ကာကွယ်မှုသည် အကောင်းဆုံးဖြစ်၍ အကြောင်းရင်းမျိုးစုံဖြင့် ရေကန်များဖြစ်ပေါ်နေသည်ဆိုပါက ရေများစွာ မစုဝေးမီ၊ ကျိုးပေါက်မှုမရှိချိန်၌ ကြိုတင်ဖောက်ထုတ်ခြင်းမျိုးဖြင့် စနစ်တကျစီမံဆောင်ရွက်ကြရပေမည်။**

သဘာဝမြေပြိုမှုကြောင့် ကျဉ်းမြောင်းသော ချောင်းများကိုပိတ်ဆို့ကာ ဆည်ကဲ့သို့ ရေများစုဝေးလာပုံ




စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဆည်တော်ရွာအထက် ၂၃ မိုင်အကွာရှိ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် အကျယ် ပေ ၃၀၀၀ ခန့်ရှိသော "မြေပြိုမှုကြောင့် သဘာဝအလျောက်ဖြစ်ပေါ်လာသည့် ရေကန်" Landslide Dam ဟု ယူဆရသော နေရာတစ်ခုကို ဘေးအန္တရာယ် ရှိ၊ မရှိ စိုးရိမ်မှုနှင့်အတူ စစ်ဆေးကြည့်ရှုရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြသည်။

ယခုလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ချင်းပြည်နယ်တွင် တောင်ပြိုမှုများဖြစ်ပွားရာမှ စီးဆင်းမျောပါလာသော ရွှံ့ညွန်မြေကြီးများသည် တောင်ကျရေစီးကြောင်းများကို ပိတ်ဆို့ပြီး ရေကန်ပုံစံနှင့် ရေကာတာသဖွယ် ဖြစ်ပေါ်လာရသည်။

အဆိုပါ ယာယီပိတ်ဆို့လျက်ရှိသော သဘာဝမြေသားရေကန်များ ရုတ်တရက်ပြိုကျခဲ့လျှင် အရှိန်အဟုန်ပြင်းသည့် ရေစီးနှင့်အတူ ရေစီးကြောင်းအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံများအတွက် ဘေးအန္တရာယ်များ ရှိနိုင်မည်ကို ဒေသခံပြည်သူများက စိုးရိမ်ပူပန်လျက်ရှိနေကြသည်။

ထိုကဲ့သို့ သဘာဝမြေသားရေကန် ကျိုးပေါက်မှုကို ဩဂုတ် ၂၈ ရက်က ချင်းပြည်နယ် တွန်းဇံမြို့နယ် တွီးခိန်ဇန်ကျေးရွာခေါ် ဟားခါးလေးကျေးရွာတွင် ဖြစ်ပွားခဲ့ပြီး မြေပြိုမှုနှင့်အတူ ရွှံ့ညွန်များပါဝင်သော တောင်ကျချောင်းရေများ စီးဆင်းဖုံးလွှမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရသည်။

ဒေသခံတောလိုက်မုဆိုးများက တွီးခိန်ဇန်ရွာ အထက်ပိုင်းရှိ တောင်ပေါ်နေရာများတွင် မြေပြိုပြီး ရေကန်ကြီးဖြစ်ပေါ်နေသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ ၎င်းမုဆိုးများမှတစ်ဆင့် ကြားသိရသူများက ခရိုင်ရေဘေးကွပ်ကဲမှုရုံးကို ပြောကြားခဲ့သော်လည်း မယုံကြည်ကြကြောင်း စသည်ဖြင့် ချင်းပြည်နယ်အတွင်းဖြစ်ပေါ်နေသော အခြေအနေများကို လူမှုကွန်ရက် စာမျက်နှာများတွင် တွေ့ရှိနေရသည်။

အဆိုပါ ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့်နေရာကို စစ်ဆေးသင့်ကြောင်း၊ ခြေကျင်သွားရောက်လျှင် ခက်ခဲနိုင်သည့်အတွက် ရဟတ်ယာဉ်များဖြင့် စစ်ဆေးကြည့်ရှုသင့်ကြောင်း၊ ယခုထက်ကြီးမားသည့် ရေကန်တစ်ခုလည်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်အနီးတွင် ရှိနေသေးကြောင်း၊ မြလင်းအနီးမှ မြွေတောင်နှင့် ဖားတောင်နေရာအချို့တွင်လည်း မြေပြိုမှုများဖြစ်ပွားနေကြောင်း စသည်ဖြင့် ဒေသခံပြည်သူများအကြား ပြောဆိုနေကြပြီး စိုးရိမ်မှုများ တိုးပွားလျက်ရှိကြောင်း သိရသည်။

မိုးရာသီတွင် ပုံမှန်စီးဆင်းလေ့ရှိသော ဆည်တော်ရွာအနီးရှိ မြောင်းချောင်းသည်လည်း ယခုအခါ ရေစီးမှုမရှိတော့သည်မှာ နှစ်ပတ်ခန့်ကြာပြီဖြစ်ကြောင်း ဒေသခံများနှင့် ဆက်သွယ်သိရှိရသည်။ ၎င်းချောင်းအထက်ပိုင်းတွင် မြေပြိုမှုများစွာဖြစ်ပွားခဲ့ကြောင်းလည်း သိရှိရသည်။ ယခုပုံတွင်ပြထားသော စစ်ဆေးရန်လိုအပ်သည့်နေရာမှာ မဏိပူရမြစ်၏ လက်တက်ဖြစ်သော Pao va ချောင်းရှိ ယခင် ချောင်းရေအိုင်ကဲ့သို့သော ရေပြင်ကျယ်နေရာမှ Landslide Dam အသွင်ပြောင်းနေသည်ဟု ရေဒါဓာတ်ပုံတွင် ယူဆရသောနေရာဖြစ်သည်။

ထို့ကြောင့်လည်း ဒေသခံများက သွားရောက်ကြည့်ရှုစစ်ဆေးရန် စီစဉ်နေကြကြောင်း၊ ၎င်းနေရာသည် ဆည်တော်ရွာနှင့် အလှမ်းဝေးသော်လည်း မြေပြိုခဲ့လျှင် ရေများအရှိန်အဟုန်ဖြင့် ကျဆင်းလာနိုင်ပြီး ၎င်းတို့ရွာမှာ ရေဘေးအန္တရာယ်ကြုံတွေ့နိုင်ခြင်းကြောင့် စိုးရိမ်နေကြခြင်းဖြစ်သည်။


သဘာဝမြေပြိုမှုများကြောင့် ကျဉ်းမြောင်းသော ချောင်းမြောင်းများ ပိတ်ဆို့ကာ ဆည်ကဲ့သို့ ရေများစုဝေးနေရာမှ ရေမထိန်းနိုင်သည့် နောက်ဆုံးအခြေအနေတွင် မြေပြိုကျကာ ယာယီသိုလှောင်ခဲ့သော ရေများသည် ရွှံ့ညွန်များ၊ အမှိုက်သရိုက်များ၊ ဒိုက်များနှင့်အတူ တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် ရေစီးကြောင်းအောက်တစ်လျှောက်ရှိ ကျေးရွာများတွင် ပျက်စီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ တောင်တန်းဒေသများတွင် ရေခဲအိုင်များ ကျိုးပျက်ခြင်းဖြင့် တောင်ကျရေကြောင့် အန္တရာယ်ဖြစ်ပွားသကဲ့သို့ အန္တရာယ်ကြီးမားကြောင်း နှိုင်းယှဉ်သိရှိရသည်။

ထို့ကြောင့် အဆိုပါနေရာအား တာဝန်ရှိသူများမှ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ရန် ဒေသခံများက လိုလားလျက်ရှိသကဲ့သို့ လေ့လာတွေ့ရှိရသည့် အချက်အလက်များကို ဒေသခံပြည်သူများအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်လည်း လိုအပ်ကြောင်း သုံးသပ်မိသည်။

ကြိုတင်ကာကွယ်မှုသည် အကောင်းဆုံးဖြစ်၍ အကြောင်းရင်းမျိုးစုံဖြင့် ရေကန်များ ဖြစ်ပေါ်နေသည်ဆိုပါက ရေများစွာ မစုဝေးမီ၊ ကျိုးပေါက်မှုမရှိချိန်၌ ကြိုတင်ဖောက်ထုတ်ခြင်းမျိုးဖြင့် စနစ်တကျစီမံဆောင်ရွက်ကြရပေမည်။

တောင်ကျချောင်းများတစ်လျှောက်ရှိ ကျေးရွာများအနေဖြင့်လည်း ထူးခြားမှုများကို သတိပြုမှုနှင့်အတူ နိုးကြားသော အသိရှိမှုဖြင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပါကြောင်း------။ ။

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဆည်တော်ရွာအထက်ရှိ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် စစ်ဆေးရန်လိုအပ်သည့် သဘာဝအလျောက်ဖြစ်ပေါ်လာသော ရေကန်(Landslide Dam)နေရာအား ယူတီအမ်မြေပုံတွင် တွေ့မြင်ရပုံ**




**မောင်မောင်သန်း**

# ရေဘေးသင့် ကွမ်းစိုက်တောင်သူဘဝ

ရေပြန်လည်ကျဆင်းသွားပြီဖြစ်သော်လည်း ရေမြုပ်ဆုံးရှုံးသွားသည့်ကွမ်းခြံကို ပြန်လည်စိုက်ပျိုးရန် ဦးမာကြင်တစ်ယောက် အရင်းအနှီးရဖို့ရန်အတွက် ဘယ်လိုဘယ်ပုံရှာကြံရကောင်းလေမလဲဟု တွေးတောနေရပြီ။

ဧရာဝတီမြစ်ရေ တိုးလာမှုကြောင့် ဦးမာကြင်ပိုင်ဆိုင်သည့် ကွမ်းခြံနှစ်ခြံနှင့် သီးနှံခင်း အတော်များများပျက်စီးခဲ့ရပြီ။ ယခုဆိုလျှင်ဖြင့် ကွမ်းစိုက်ခဲ့သောသောင်ပြင်ပေါ်တွင် နုန်းမြေများက နေရာယူနေပြီဖြစ်သည့်အတွက် အဆိုပါနုန်းများကို အထက်အောက်မြေပြန်လှန်ရမည်ဖြစ်သည့်အပြင် ခြောက်သွေ့အောင်အချိန်ယူစောင့်ဆိုင်းရတော့မည်ဟု ဦးမာကြင်က ဆိုသည်။

"အစက ဒီသောင်ပြင်ပေါ်မှာကွမ်းစိုက်တာ ခုတော့မရတော့ဘူး။ ဆုံးရှုံးသွားပြီ။ တစ်ပေကျော်ကျော်လောက်ကိုကွမ်းခြံထဲရေဝင်သွားပြီ။ ကွမ်းစိုက်ဖို့ကျ နုန်းမြေကအဆင်မပြေဘူး။ ကွမ်းပြန်စိုက်ဖို့နဲ့ရေကျသွားရင် ဆောင်းသီးနှံလုပ်ဖို့။ ဒါကိုတော့ ခေါင်းထဲထည့်ထားတယ်။ အရင်းအနှီးကတော့မရှိသေးဘူး"ဟု ကွမ်းစိုက်တောင်သူဦးမာကြင်က ခပ်ညည်းညည်းလေးဆိုသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လနှောင်းပိုင်းနှင့် ဩဂုတ်လပထမပတ်အတွင်း တရိပ်ရိပ်တက်လာသည့် ဧရာဝတီမြစ်ရေကြောင့် ညောင်တုန်းမြို့နယ်အတွင်း ကျေးရွာများရှိ လယ်ယာစိုက်ပျိုးရေးနှင့် သီးနှံစိုက်ပျိုးလုပ်ကိုင်သည့် ဒေသခံများ၏ ကွမ်းခြံများနှင့် လယ်ယာကိုင်းကျွန်းခြံမြေများ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ထိုသို့ ကိုင်းကျွန်းခြံမြေပျက်စီးခဲ့သူများထဲတွင် သောင်တန်းကျေးရွာတွင် နေထိုင်သူ တောင်သူဦးကြီး ဦးမာကြင်တစ်ယောက်လည်း အပါအဝင်ဖြစ်ခဲ့သည်။

"ကွမ်းညွှန့်တစ်ညွှန့်ကို အနည်းဆုံးကျပ် ၂၅၀ နဲ့ ကျပ် ၃၀၀ လောက်ရှိတယ်။ ကွမ်းခြံဆင်တာပြုတာကလည်း ငှားလုပ်ရတဲ့အခါကျတော့ တိုင် ၅၀၀၀ ခြံတစ်ခြံကို အလုပ်သမားခ နှစ်သောင်းလောက်ပေးရတယ်။ ပုတ်ပြတ်ပေါ့။ တစ်တိုင်ကို ၁၂ ကျပ်နှုန်းနဲ့လက်ခယူပြီး ဆင်ကြတာကိုး။ ဝါးလုံး တစ်လုံးကလည်း ၄၀ ကျပ်လောက်ရှိတယ်။ ကွမ်းခြံကို အမိုးတင်ပြီးတဲ့အထိ ရင်းနှီးငွေက အနည်းဆုံးတိုင် ၅၀၀၀ ကွမ်းခြံတစ်ခြံကို ၈ သိန်း ၉ သိန်း ပြန်ရင်းနှီးရမှာလေ"ဟု မိသားစုငါးယောက်၏ စားရေးသောက်ရေးကိုပင် ဒီရက်ပိုင်းအတွင်း ကြံသလိုဖြေရှင်းနေရသည့် ဦးမာကြင်ကဆိုသည်။

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းမှာရှိသည့် သောင်တန်းကျေးရွာသည် မြမ္မာပြာသာကျေးရွာအုပ်စုထဲတွင်ပါဝင်ပြီး ထိပ်ဝ၊အောက်စု၊မောင်းစု၊ သောင်တန်း၊ ရွာသာအေး၊ ရွာသာကြီး၊ ရွာသာညွှန့် စသည့် ကျေးရွာပေါင်း ခုနစ်ရွာထဲတွင်မှ အဆိုပါ သောင်တန်းကျေးရွာတွင် အိမ်ခြေ ၂၂၀ နှင့် လူဦးရေအားဖြင့် ၁၁၀၀ ကျော် ဝန်းကျင်နေထိုင်ကြသည်။ အဆိုပါ



ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့်ကွမ်းခြံကို တွေ့ရစဉ်။

ကျေးရွာများရှိ ရွာသူရွာသားများသည် အဓိကအားဖြင့် စပါး၊ ပဲ၊ ပြောင်း၊ ကွမ်းနှင့် သီးနှံစိုက်ပျိုးခြင်းစသည့် တောင်ယာကိုင်းကျွန်း လုပ်ကိုင်ကြသူများဖြစ်ကြသည်။

ဗိုလ်မြတ်ထွန်းတံတားအောက်ဘက် ဧရာဝတီမြစ်ကမ်းနံဘေးနေထိုင်သည့် ဦးမာကြင်က အခုသူ အသက်(၆၈)နှစ်အတွင်း ၂၀၀၄ ခုနှစ်က ဧရာဝတီမြစ်ရေ လျှံတက်ခဲ့သော်လည်း ဤမျှလောက်ရေကြီးတာကို ယခုမှ မြင်ဖူးသည်ဟုဆိုသည်။

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၏ ဧရာဝတီမြစ်ရေမှာ ဩဂုတ် ၄ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်ဖြစ်သော ပေ ၂၅ ဒသမ ၅၀ သို့ ရောက်ရှိခဲ့ပြီး ရေဘေးကာကွယ်ရေးတာ၏ အထက်သို့ ကျော်လွန်ကာ မြို့မြေမျက်နှာပြင်ထက် ပျမ်းမျှ ၅ ပေကျော်သို့ ရောက်ရှိလာခဲ့သည့်အတွက် ညောင်တုန်းမြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်ရန် စိုးရိမ်ရသော လိမ္မော်ရောင်အဆင့် သတ်မှတ်ထုတ်ပြန်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ရကြောင်း အမှတ်(၄) ရပ်ကွက် မီးသတ်တပ်ဖွဲ့မှ ဦးသန့်ဇင်ဝင်း၏ ပြောပြချက်အရ သိရသည်။

"ဟင်္သာတ စိုးရိမ်ရေမှတ်ရောက်နေပြီဆိုတာ ရေဒီယိုနားထောင်လို့သိရတယ်။ဟင်္သာတရေကြီးရင် ညောင်တုန်းလည်း ရေကြီးမှာပဲ။ ဒီနှစ်မုန်တိုင်းရဲ့ အရှိန်နဲ့ အထက်ပိုင်းတွေကလည်း မိုးများတော့လေ၊ သောင်တန်းရွာကတော့ အိမ်ခြေ ၄၀ လောက်ရေမြုပ်တယ်။ ရေက လေးပေ၊ ငါးပေလောက်ထိတက်လာတာ။ တအိအိနဲ့ပေါ့။ ကိုယ့်အိမ်တွေက ခြေတံရှည်အိမ်ဆိုတော့ မမြုပ်လောက်ဘူးဆိုပြီး သူများတွေကိုပဲ ကူညီနေခဲ့တာ။နောက်တော့ကိုယ့်အိမ်ပါ မြုပ်လာရော"ဟု ခေါင်းမှာဆံစတွေဖွေးဖွေးလှုပ်နေတဲ့ ဦးမာကြင်က ပြုံးစစနှင့် ရှင်းပြခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ်မှာ ၄၄ ဒသမ ၀၂၉ ပေဖြစ်ပြီး ဇူလိုင် ၃၁ ရက်မှစ၍ စိုးရိမ်ရေမှတ်ကို နေ့စဉ်ကျော်လွန်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နန်ကသူ၊ ကညင်၊ မမြနှင့် ကွန်ချောင်းရေလှောင်တမံများတွင်လည်း သတ်မှတ်ရေလှောင်ပမာဏထက် ပြည့်မီကျော်လွန်သဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်မှုနှင့် ရေကျော်ကျမှုများ ဖြစ်ပေါ်လျက်ရှိကြောင်းကို ကောင်းကင်ဓာတ်ပုံနှိုင်းယှဉ်ချက်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့၏ ထိုစဉ်က ဓာတ်ပုံမှတ်တမ်းများအရသိရသည်။

ဩဂုတ်လလဆန်းပိုင်းမှ တိုးမြင့်လာသည့် အဆိုပါ ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်ဖြစ်သော၂၂ ဒသမ ၅ ပေအထက် မှ၂၆ဒသမ ၇ပေအထက်၊ (လေးပေအထက်) ကျော်လွန်ရောက်ရှိနေရာမှ ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီမှ စတင်၍ ပြန်လည်ကျဆင်းလျက်ရှိရာ အချို့နေရာများတွင် နုန်းမြေများတင်ကျန်နေခဲ့ပြီဖြစ်သည်။

"ရေမကျသေးတဲ့နေရာတွေလည်း ကျန်သေးတယ်။ နုန်းတင်နေတာတွေလည်းရှိတယ်။ ကွမ်းခြံစိုက်ဖို့ တိုင် ၅၀၀၀ ခြံဆိုတာ ကွမ်းပင်တစ်ပင်ကို ဝါးလုံးတိုင် တစ်တိုင်နဲ့ အပင် ၅၀၀၀ ကို ဆိုလိုတာ။ တစ်တိုင်ကိုတစ်ပင်စိုက်တာပေါ့။ ရာသီဥတုကောင်းရင် တစ်ပတ်ကို တစ်ခါခူးရင် တစ်ထုပ်ခွဲလောက်ထွက်တယ်။ တစ်ထုပ်ခွဲဆိုတာ အချိန် ၁၅ ပိဿာကိုပြောတာ။ ကွမ်းဈေးက တစ်ပိဿာကို ၉၀၀၀ ကနေ ၁၂၀၀၀ထိ ရတာဆိုတော့ ရေမမြုပ်ဘဲကျန်ခဲ့တဲ့ခြံသမားတွေကတော့ ထောပြီ"ဟု ရွာသား ကိုတင်အောင်မိုးက ဆိုသည်။

သောင်တန်းရွာတွင် နေထိုင်သည့် ကွမ်းစိုက်သူများ အပါအဝင် အခြားသီးနှံမျိုးစုံစိုက်ပျိုးကြသည့် လယ်ယာတောင်သူဦးကြီးများအနေဖြင့် စက်တင်ဘာလနှင့် အောက်တိုဘာလကျော်သည်အထိ မိုးအခြေအနေနှင့် မြစ်ရေအခြေအနေကို စောင့်ကြည့်ပြီးမှ လုပ်ငန်းစတင်ကြမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

"ရေကျသွားပေမယ့် လုပ်ငန်းရှင်တွေအလုပ်ပြန်လုပ်မှ ကိုယ်တွေက အဆင်ပြေမှာ။ အခုတော့ အလုပ်မရှိဘူး။ စားရေးသောက်ရေးဒီလိုပဲ အဆင်ပြေသလို နီးစပ်ရာချေးငှားစားရတာပေါ့။ နောက်တစ်ကြိမ်ရေတက်မယ်ဆိုလို့ အလုပ်ရှင်တွေတော်တော်များများက မလုပ်ရဲကြသေးဘူး။ ကိုင်းတွေ ပျက်စီးသွားတဲ့သူတွေကျတော့လည်း ပြန်လုပ်ဖို့ဆိုတာ အရင်းအနှီးကမလွယ်ဘူးလေ"ဟု တစ်နေ့ နှစ်ထောင်ကျပ်ဖြင့် စိုက်ပျိုးရေးခြံများတွင် အလုပ်လုပ်သည့် သောင်တန်းရွာသူ မသီသီစိန်က ဆိုသည်။

"မြစ်ဘေးမှာရှိတဲ့ရွာတွေဖြစ်တော့ ရေကြီးလို့ကယ်ဆယ်ရေးအပိုင်းပြီးရင် ရေပြန်ကျသွားရင် ပြန်လည်ထူထောင်ရေးအတွက် ပြန်လုပ်ရမယ့်အပိုင်းပေ့ါ။ စပါးရေမြုပ်တာ၊ ကွမ်းခြံရေမြုပ်တာ စိုက်ပျိုးရေးအပိုင်းတွေမှာ ကျွန်တော်တို့တင်ပြတဲ့အပိုင်းပေါ်မှာမူတည်ပြီး မြို့နယ်က လိုအပ်တဲ့ အစီအမံတွေချပေးမယ်လို့ ပြောထားတာရှိတယ်။ ဒီနေရာမြေပေါ်ပြီလား။ ပေါ်ရင်ပြော ဒီနေရာက ဧက ဘယ်လောက်လဲ၊ စက်ဘယ်နှစီးနဲ့ ပြန်ထွန်ရမှာလဲ။ လိုအပ်ချက်တွေအားလုံးပံ့ပိုးပေးမယ်လို့ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့က ပြောထားပြီးသား။ စက်မှုလယ်ယာအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး လုပ်ပေးမှာမို့လို့ အားလုံးပြန်အဆင်ပြေမှာပါ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမောင်က ပြောသည်။

ဇူလိုင်လနှောင်းပိုင်းနှင့် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေလျှံတက်လာမှုကြောင့် ကွမ်းခြံများနှင့် သီးနှံအခင်းများ ပျက်စီးခဲ့ရပြီး ငွေအရင်းအနှီးအတွက် စိတ်ပူပန်နေသည့် ဧရာဝတီမြစ်ကမ်းနံဘေး သောင်တန်းရွာမှ တောင်သူဦးကြီး ဦးမာကြင်က "ရေကြီးတာ နိုင်ငံတစ်ဝန်းဖြစ်နေတဲ့ သဘာဝဘေးဒုက္ခပါ။ ဆင်းရဲသားမှ မဟုတ်ဘူး။ အားလုံးခံစားရတာ။ ဒါပေမယ့် ဆင်းရဲသားတွေအတွက်တော့ ပိုပြီးမထောင်းသာဘူးပေါ့။ ကွမ်းစိုက်ဖို့တော့ အချိန်ပြန်ယူရမယ်။ စိတ်ဓာတ်ကတော့ မကျပါဘူး။ ဒါတောင်သူလယ်သမားတွေရဲ့ အလုပ်ပဲ။ မိရိုးဖလာအလုပ်ဆိုတော့ ပျက်စီးသွား လည်း ပြန်လုပ်မှာပဲ။ ဒါကျွန်တော်တို့မိသားစုရဲ့ ထမင်းအိုး လေ"ဟုဆိုသည်။

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - သီသီမင်း**

# ခင်ဦးဒေသ၌ မိုးစပါး စိုက်ပျိုးစရိတ်ကြီးမြင့်လာမှုကြောင့် လယ်သမားများ တိုက်ရိုက်ကြဲပက်စနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်

**ရွှေဘို ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးဒေသ၌ ကောက်စိုက်ခ၊ ပျိုးနုတ်ခ၊ ပျိုးစည်းများ သယ်ယူဖြန့်ခ စသည့် စိုက်ပျိုးစရိတ်ကြီးမြင့်လာနေမှုကြောင့် လယ်သမားများသည် စိုက်ပျိုးစရိတ်ကုန်ကျမှုသက်သာအောင် မိုးစပါးများ စိုက်ပျိုးရာတွင် မျိုးစပါး ပျိုးထောင်ခြင်းမရှိတော့ဘဲ တိုက်ရိုက်ကြဲပက်စနစ်ဖြင့် စိုက်ပျိုးနေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ တောင်သူ ဦးသန်းထွန်းက မိမိတွင် လယ်ခြောက်ဧကရှိကြောင်း၊ ယင်းလယ်ခြောက်ဧကကို မိုးစပါးစိုက်ပျိုးရာမှာ ကောက်စိုက်ခ၊ ပျိုးနုတ်ခ၊ ပျိုးစည်းများ သယ်ယူဖြန့်ခ စသည့် စိုက်ပျိုးစရိတ် ကြီးမြင့်လာနေမှုကြောင့် စိုက်ပျိုးစရိတ် ကုန်ကျမှုသက်သာအောင် မိုးစပါးများကို စိုက်ပျိုးရာတွင် စပါးပျိုးထောင်ခြင်းမရှိတော့ဘဲ တိုက်ရိုက်ကြဲသားစနစ်ဖြင့် စိုက်ပျိုးနေကြောင်း၊ ပျိုးထောင်ပြီး ကောက်စိုက်မည်ဆိုပါက မျိုးစပါး ပိုမိုကုန်ကျခြင်း၊ ကောက်စိုက်ခ၊ ပျိုးနုတ်ခ၊ ပျိုးစည်းများ သယ်ယူဖြန့်ခအတွက် လယ်တစ်ဧကမှာ ခုနစ်သောင်းကျော် ကုန်ကျနေကြောင်း၊ မိုးစပါးများကို စိုက်ပျိုးရာတွင် တိုက်ရိုက်ကြဲပက်စနစ်ဖြင့် စိုက်ပျိုးသည့်အတွက် လယ်ခြောက်ဧကမှာ စိုက်ပျိုးစရိတ်ကုန်ကျမှု ကျပ်လေးသိန်းကျော်ခန့် လျှော့နည်းသက်သာသွားကြောင်း၊ မိမိတို့ကျေးရွာအုပ်စုမှာ တိုက်ရိုက်ကြဲစနစ်ဖြင့် စိုက်ပျိုးသည့် လယ်ဧက တစ်ရာကျော်ခန့်ရှိပြီး ယခုအချိန် ဩဂုတ် ၂၈ ရက်ထိ မိုးစပါးများ စိုက်ပျိုးပြီးစီးတော့မည်ဖြစ်သော်လည်း မြန်မာ့ စိုက်/ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေမရရှိသေးကြောင်း၊ မိမိတို့ကျေးရွာအုပ်စုမှာ လယ် ၃၅၀၀ ဧကကျော်ရှိပြီး စိုက်ပျိုးစရိတ်ချေးငွေ မရရှိသေးကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို ထောက်ကူသောအားဖြင့် တတ်နိုင်သည့်ဘက်မှ အမြန်ဆုံးကူညီ ဆောင်ရွက်ပေးသင့်ကြောင်း ပြောပြသည်။

**(ရောင်နီတင်ဝင်း)**

# ရေဘေးကယ်ဆယ်ရေးစခန်း စုပေါင်းသန့်ရှင်းရေးပြုလုပ်

**အောင်လံ ဩဂုတ် ၃၀**

အောင်လံမြို့ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား ၂၃ ဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရခိုင်ပရိယတ္တိစာသင်တိုက်မှ ပဓာနနာယကဆရာတော် ဦးဇောတိကဦးဆောင်သော ဓမ္မာစကူး ကျောင်းသား ကျောင်းသူ ၂၀၀ တို့သည် ဩဂုတ် ၂၉ ရက်က အောင်လံမြို့ စမ်းချောင်းရပ်ကွက်ရှိ ကုသိနာရုံဘုရားကြီးတွင် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ခဲ့သော ဘုရားစောင်းတန်းနှင့် ဘုရားကြီးပရိဝုဏ်အတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# ပဉ္စမအကြိမ် သွေးရောဂါပညာ နှီးနှောဖလှယ်ပွဲကျင်းပမည်


**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံဆရာဝန်အသင်း သွေးရောဂါအထူးကုပညာအဖွဲ့က ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ်မြောက် သွေးရောဂါပညာနှီးနှောဖလှယ်ပွဲကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# အနုပညာလုပ်ငန်းတွေကိုပြန်လည်စတင်ခဲ့တဲ့ စလင်းဒီယွန်



ကမ္ဘာကျော် "Titanic" ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်တေးကို သီဆိုခဲ့သော နာမည်ကျော်အဆိုတော် စလင်းဒီယွန်သည် သူ၏အမျိုးသား နာမကျန်းဖြစ်သည့်အတွက် အနုပညာလုပ်ငန်းများကို ရပ်နားထားခဲ့ရာမှ ကြာသပတေးနေ့ညပိုင်းတွင် ပြုလုပ်ခဲ့သော ဖျော်ဖြေပွဲတွင် စင်မြင့်ပေါ် ပြန်လည်တက်လှမ်းလာခဲ့သည်။

အသက် (၄၇)နှစ်အရွယ် အဆိုတော်သည် အမေရိကန်ပြည်ထောင်စု လက်စ်ဗီးဂက်စ်ရှိ ဆီဆာပဲလေ့စ် ကော်လိုဆီယမ်၌ ကြာသပတေးနေ့ညက ပြုလုပ်ခဲ့သော တေးဂီတဖျော်ဖြေပွဲတွင် သူ၏နာမည်ကျော်သီချင်း "My Heart Will Go On "ဖြင့် ပါဝင်သီဆိုဖျော်ဖြေခဲ့သည်။

အဆိုပါဖျော်ဖြေပွဲသည် တစ်နှစ်အတွင်းပထမဦးဆုံးသော သူ၏ဖျော်ဖြေပွဲလည်းဖြစ်သည်။ သူသည် ပြီးခဲ့သည့်နှစ်တွင် အသက်(၇၃)နှစ်ရှိပြီဖြစ်သော သူ၏အမျိုးသား လည်ချောင်းကင်ဆာရောဂါသည် ရန်နေးအန်ဂျလီကို ပြုစုခြင်းဖြင့်သာ သူ၏အချိန်များကို ကုန်လွန်စေခဲ့ခြင်းဖြစ်သည်။

ဖျော်ဖြေပွဲအပြီးတွင်သူက "ဒီည အားပေးမှုအတွက် ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီညဟာကျွန်မအတွက် သစ်လွင်တဲ့ညတစ်ညပါ။ ကျွန်မအတွက် အနုပညာလမ်းကြောင်းပေါ် ပထမဦးဆုံးခြေချခဲ့တဲ့ ညမဟုတ်ပေမယ့် အနုပညာလမ်းကြောင်းပေါ် နောက်တစ်ကြိမ်အစပျိုးလျှောက်လှမ်းခဲ့တဲ့ညပါ" ဟု သူ၏လူမှုကွန်ရက်မီဒီယာတွင်ရေးသားဖော်ပြခဲ့သည်။

သူ့ကို ယခုကဲ့သို့အနုပညာလမ်းကြောင်းပေါ်သို့ ပြန်လည်တက်လှမ်းရန် တွန်းအားပေးခဲ့သူမှာ သူ၏ခင်ပွန်းဖြစ်ကာ သူ့ခင်ပွန်း၏ဆန္ဒမှာ သူမကွယ်လွန်မီ စလင်းဒီယွန်အနုပညာလုပ်ငန်းများ ပြန်လည်စတင်ကာ စင်မြင့်ထက်တွင် ဖျော်ဖြေနေသည်ကို တွေ့မြင်လိုခြင်းဖြစ်ကြောင်းလည်း သူက အီးတီအွန်လိုင်းဒေ့ါကွန်းသို့ ပြောခဲ့သည်။

စလင်းဒီယွန်နှင့် ရန်နေးတို့နှစ်ဦးသည် ၁၉၉၄ခုနှစ် ဒီဇင်ဘာလတွင် လက်ထပ်ခဲ့ကြခြင်းဖြစ်ကာ သူတို့နှစ်ဦးတွင် ရင်သွေးလေးများဖြစ်ကြသော (၁၄)နှစ်အရွယ်သား ရန်နေးချာလီစ်နှင့် (၄)နှစ်အရွယ် အမြွှာလေးများဖြစ်သည့် အက်ဒီနှင့် နယ်လ်ဆန်တို့ကို ရရှိခဲ့ကြပြီဖြစ်သည်။ **(အေးပြည့်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

၃၁ - ၈ - ၂၀၁၅ (တနင်္လာနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် |
| | -ခြေခြေမြစ်မြစ် |
| | နှစ်နှစ်ကာကာချစ်တဲ့ |
| | ကာလပေါ်တေးအရသာ |
| | ဂီတရိပ်သာ(အပိုင်း-၁၂၈) |
| ၆း၃၀ | "ပန်းပင်ကိုပျိုး. . . ပန်းမိုးရွာစေ" |
| | (အပိုင်း-၁) |
| ၆း၅၀ | ဝတ်စားဆင်ယင်မှုပြပွဲ |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ |
| | "လက်တွဲဖော်" |
| | (အပိုင်း-၈) |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | မြန်မာဗီဒီယိုဇာတ်လမ်း |
| | "နပန်း" (ပထမပိုင်း) |
| ၁၀း၀၀ | ASEAN Cultural Fair (2014) |
| ၉း၄၀ | မြန်မာဗီဒီယိုဇာတ်လမ်း |
| | "နှလုံးသားကမလိမ်တတ်ဘူး" |
| | [(ခန့်စည်သူ၊ နဝရတ်၊ သဇင်)] |
| | (ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး) |
| ၆း၂၀ | AFF U-19 Championships |
| | (2015)အုပ်စုပွဲစဉ် |
| | တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| | (မြန်မာ U-19 အသင်းနှင့် |
| | ဗီယက်နမ် U-19 အသင်း) |

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှား |
| | အားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ရှေးဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၀၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၅ | ရင်ခုန်စရာအမှောင်ကမ္ဘာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| | - ဂန္ထဝင်မြောက်အမုန်း |
| | (အပိုင်း-၅၀) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| | - အရာရာထက်မင်း |
| | (အပိုင်း-၉) |
| | - ကြယ်ကလေးတို့ရဲ့ |
| | ဂီတမိုးကောင်းကင် |
| | - မေးမြန်းစူးစမ်း |
| | ယနေ့ညအတွက်မြဝတီ၏ |
| | တေးလက်ဆောင် |
| | - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| | -ခနတံတိုင်းရဲ့တစ်ဖက်တစ်ချက် |
| | (အပိုင်း-၉) |

# လာရာလမ်းသို့ ပြန်ခဲ့သည့် သားငယ်ကျန်ခဲ့ပြီ

**ပြည့်စုံအောင်**

တောလမ်းအတွင်း ဆင်ဦးစီးတစ်ယောက်က ထူးခြားမှုတစ်ခုကြောင့် အားလုံးအား မသွားရန်တားမြစ်လိုက်သည်။ "ဟော့လူတွေခဏ ကျုပ်နှာခေါင်းထဲမှာ ဆင်အနံ့ရသလိုပဲ၊ ပတ်ဝန်းကျင်လေ့လာဦးမယ်။ ဆင်ခြေရာသာတွေ့ပါစေ ဒီကောင်တွေပြေးမလွတ်ပါဘူး" ဟု ပုသိမ်ဆင်အုပ်ကြီး ဦးစံသိန်းက ပြောလိုက်သည်။

ဆင်များသည် ဦးတည်ရာသို့ သွားနေပြီး ယမန်နေ့က တူရွှင်းတောင်ကြောမှ ကျောက်ပန်းတောင်းဘက်သို့ ဦးတည်လာပြန်သည်။ နယ်ခံသတင်းများအရ "ဟိုရွာဘက်တွင်တွေ့လိုက်တယ်။ ဒီရွာဘက်က ဖြတ်သွားတယ်" ဟု ကြားနေရသော်လည်း အတည်ပြုချက် မရပြန်။

ညောင်နီကျင်းရွာထိပ်ရှိ သပြေအိုင့်လမ်းခွဲမှ စတင်ချင်းနင်းဝင်ရောက်ခဲ့ပြီး ဖြစ်နိုင်ခြေ သတင်းထွက်ပေါ်သော အင်တိုင်ဆည်အတွင်းမှ မိုင် ၂၀ နီးပါး တောဝင်ပြီး လျှိုများ၊ ချောက်ကမ်းပါးများတွင် လိုက်လံရှာဖွေရလေတော့သည်။ "အင်းဗျာ သတင်းအရသာ လိုက်နေရတယ်။ ဆင်ပြောင်ကြီးအမြီးတစ်နေသလို ဖြစ်နေပြီ။ နေကလည်း အတော်ပူလာပြီ။ လမ်းကြောင်းတော့ပြောင်းမှဖြစ်မယ်" ဟု အတွေ့အကြုံရင့်သူ ဆင်ထိန်းတစ်ဦးက ဆိုလေသည်။ ကံကြီးသဲတိုက်နယ် မြေညောင်ပင်ခါးရွာရောက်တော့ ကျွန်တော်တို့အတွက် သတင်းအစစ်မှန်ရလေပြီ။

"ရွာနားကနေ မနက် ၈ နာရီလောက်က အနောက်ဘက်ကို ဖြတ်သွားတာ ကျုပ်မျက်စိနဲ့ မြင်လိုက်ရတယ်"ဟု ရွာသားတစ်ယောက်ဆီက ကြားလိုက်ရသည်။ ကျွန်တော်တို့အဖွဲ့ နံနက် ၉ နာရီကတည်းကရှာဖွေနေသော ဆင်အုပ်သည် နေမွန်းလွဲချိန်မှာ သတင်းအနံ့ရလေပြီ။ ပါလာသော ရေဘူးများကုန်ပြီဖြစ်သလို ဝမ်းဗိုက်အတွင်းမှ ဆာလောင်မှုသည်လည်း အချက်ပေးသံ တညံညံပင်။

"မနက်က ကမ်းနှစ်ရွာမြောက်ဘက်က ကမ်းဖြူမှာ ဆင်ငါးကောင် ရေသောက်နေတယ်။ ရေတောင်ကူးသွားသေးတယ်" ဟု ထပ်မံအတည်ပြုချက်ရပြန်သည်။ ဆင်ငါးကောင် မျက်မြင်သက်သေတွေ့ရှိသော သတင်းကြောင့် ကျန်ဆင်တစ်ကောင်မှာ နတ်ပလင်ရွာအနီးက ဗူးကင်းတောင်ကမ်းပါးယံတွင် ကျန်ရစ်ခဲ့သည်ဟု ဝင်လာသော သတင်းသည်အတည်ပြု၍ ရပြန်သည်။

ကျွန်တော်တို့အဖွဲ့သည် ဆင်ခြေရာ ကောက်ရန် ဒေသခံအကူအညီဖြင့် လမ်းပြခိုင်းရပြန်၏။

"အစ်ကိုတို့ ဒီမှာခဏနားရအောင်ဗျာ။ ကျွန်တော် ကျောက်ပန်းတောင်းကို ထမင်းကြော်နဲ့ရေ လာပို့ဖို့မှာလိုက်ပြီ။ ရှေ့ဘယ်အချိန်ထိ လိုက်ရမှန်းမသိ" ဟု ဒေသခံကိုသက်ဝင်းဆီမှ စကားသံကြားလိုက်သည်။ ဆင်ဦးစီးသုံးယောက်ကတော့ ဆင်ခြေရာများအား လိုက်ကြည့်ရင်း သူတို့၏ မျက်နှာတွင် အဖြေထုတ်တွက်ဆနေလေရာ "ဟော့လူတွေ ဒီမှာလာကြည့်၊ တွေ့လား. . ဒီကောင်တွေ ဒီယာခင်းမှာ ဖြန့်ပြီးသွားတယ်။ ဒီခြေရာအတိုင်းအတာကြည့်ရပုံထောက်တော့ အမြင့်ခုနစ်ပေနီးပါး အကောင်ဖြစ်မယ်။"

အားလုံးလည်း ပင်ပန်းနွမ်းနယ်နေပြီလေ။ ဆင်များ၏ ခြေရာသည် မည်သည့်ဘက်ဦးတည်နေသည်၊ အသွားခြေရာလား အပြန်ခြေရာလား တွက်ချက်ရာတွင် "တွေ့လား၊ ခြေရာအဝိုင်း အားစိုက်ထားတဲ့ဘက်မှာ မြေသားပိုပြီးအိနေတယ်။ သေချာကြည့် လူတွေလိုပဲသူတို့မှာ ခြေသည်းတွေပါတော့ အရာထင်ကျန်နေတယ်"ဟု ပြသည်။

"နားမယ်ဆိုလည်း ခဏနားဗျာ။ ဒီကောင်တွေ ကျုပ်တို့နဲ့ မဝေးတော့ဘူး။ နေကလည်း မွန်းတည့်နေပြီဆိုတော့ သူတို့အုပ်စု လျှိုကောင်းကောင်းတစ်ခုမှာ သေချာပေါက် နားနေတော့မယ်။ ဒီကောင်တွေက နေပူရင် အပြင်မထွက်တော့ဘူး" ဟု ပြည်မြို့မှလာသော ဆင်ထိန်းက မှတ်ချက်ပြုလေသည်။

အဖွဲ့သည် ရွာထိပ်တွင် အချိန် တစ်နာရီကျော်နီးပါး စားသောက်နားခဲ့ပြီး ဆင်များနောက်သို့ ခရီးဆက်ရပြန်လေသည်။

"ဒီမှာတွေ့လား၊ ဒီကောင်တွေ ဒီနေရာရောက်တော့ ရှေ့ကဦးဆောင်တဲ့ ဆင်နောက် လိုက်ကုန်ပြီ။ သေချာပေါက် လျှိုတွေထဲက သွားတာဖြစ်မယ်။"

ကျွန်တော်တို့အဖွဲ့သည် ခြေရာများနောက်လိုက်ရင်း တချို့နေရာများတွင် လျှိုအတွင်း သဲချောင်းများမှလည်းကောင်း၊ လျှိုအထက် ကုန်းမြင့်များမှလည်းကောင်း ဆင်များသွားရာလမ်းကြောင်းအတိုင်း လိုက်ရပြန်သည်။

တောတိုးသွားရသဖြင့် ဆူးခက်များ ဆူးထိုးခံရခြင်းသည် အတော်ပင်ဂရုစိုက်ရ၏။ "ဆင်ရိုင်းသဘောက ရှေ့ကနေတည့်တည့်တိုးမှသာ ရန်ပြုတယ်။ အနောက်ကိုလှည့်ပြီး အန္တရာယ်မပေးဘူး။ ဒီကောင်တွေ အနံ့ခံကောင်းတယ်။ လူနံ့ရရင် ထွက်ပြေးမှာ ကြည့်နေ"ဟု လမ်းသွားရင်း ဆင်ဦးစီးက သဘောသဘာဝကို ပြောပြသည်။

တချို့နေရာများတွင် မြေကြီးမာကျောမှုကြောင့် ကျွန်တော်တို့သာမန်လူများအတွက် ခြေရာပျောက်သွားသော်ငြား "လာလာ ဒီဘက်ကို၊ ဒီကောင်တွေ ဒီကနေ ဆင်းသွားပြီ" ဟု။ ကျွန်တော်တို့မှာ ဟုတ်ပါလေစဆိုသော အတွေးဖြင့် မေးလိုက်မိပြန်သည်။ "အစ်ကိုကြီး ခြေရာမှမရှိတာ ဘယ်လို တွက်ချက်လည်းဗျ"။

မေ့ဆေးသေနတ်ကို ကိုင်ထားသော ပုသိမ်မြို့မှ ကရင်အမျိုးသားဆင်ထိန်းကြီးက "နောက်ကသာ လိုက်ခဲ့ပါဗျာ။ သေချာပါတယ်။ နောက်တစ်နာရီကျော်လောက်ဆိုရင် ဒီကောင်တွေမိပါပြီ။ ဘာလို့ကျုပ်တို့က ပြောနိုင်သလဲ၊ ဆင်ရဲ့သဘောသဘာဝကို သိနေပြီလေ။"

"ဒီမှာတွေ့လား တောတိုးသွားပြီ။ ကြည့်လိုက်လေ" ဟု ပြသရာ လျှိုများအတွင်း ပေါက်ရောက်နေသော အမြင့်ခုနစ်ပေနီးပါးရှိ သစ်ပင်အကိုင်းအခက်များ ကျိုးနေခြင်း၊ မြေသားကမ်းပါးယံများ တိုက်သွားခြင်းများသည် ဆင်တို့ဦးတည်ရာ လမ်းကြောင်းကို ပြလေသည်။ "ခင်ဗျားတို့ ခြောက်ယောက် ကျုပ်တို့နောက် ခပ်လှမ်းလှမ်းကလိုက်တော့။ မကြာတော့ဘူး တွေ့တော့မယ်။ ကျုပ်တို့ သူတို့ရှေ့က ကျွံလို့မဖြစ်ဘူး။ အန္တရာယ်တော ရောက်ပြီ"ဟု ပြောကာ ဆင်ဦးစီးသုံးဦးမှာ တောတွင်းချဉ်းကပ်လေပြီ။ ကျွန်တော်တို့အဖွဲ့သည် ခပ်လှမ်းလှမ်းမှလိုက်ရင်း ဆင်ဦးစီးသုံးဦး၏ ဆင်ရှာဖွေပုံကို လေ့လာနေရတော့သည်။

ဆင်ဦးစီးများသည် တစ်ယောက်တစ်နေရာခွဲ၍ မြေပြင်အနေထားလေ့လာခြင်း၊ တစ်ဦးက လျှိုအပေါ်မှ သွားပြီး တစ်ဦးက သဲချောင်းခြေရာများအတိုင်းလိုက်လံကာ၊ တစ်ဦးသည်ကား ကျွန်တော်တို့အဖွဲ့အား စောင့်ခေါ်လေသည်။ တချို့လျှိုနေရာများသို့ ပြသည်။

"တွေ့လား ဒီကောင်တွေ ဒီကနေဖင်ထိုင်ပြီး ဆင်းသွားတာ။ ဒီကောင်တွေက အမြင့်ကိုတက်ဖို့သာ လမ်းကြောင်း သေချာရွေးပေမယ့် အောက်ကိုလျှောထိုးဆင်းချဖို့ ဝန်မလေးဘူး"ဟု ပြောပြသည်။ ရှေ့ဆုံးမှ ဦးဆောင်နေသူက လက်ပြလေပြီ။

အသံမထွက်ရန်၊ ဖြည်းဖြည်းလာရန် လက်ဟန်ခြေဟန်ဖြင့် "ရှူးတိုးတိုး တွေ့လား ဟိုမှာ" ဟု လျှိုအောက်ဘက်သို့ ပြလေရာ"တွေ့ပါပြီ။ ကျွန်တော်တို့ ရှာဖွေနေသော ဆင်အုပ်ကို၊ ဟော့ ငါ့ဆရာတို့ တွေ့တာကို သတင်းပို့တော့ပို့ပေ့ါဗျာ။ လူတွေကို သိပ်မသိစေချင်သေးဘူး။

ရွာတွေနဲ့ နီးတော့ လာပြီးစပ်စုနေရင် ကျုပ်တို့လုပ်ရကိုင်ရခက်တယ်။ ပြီးတော့ ကြည့်တော့သာ နီးနေတာ တကယ်လာရင် ဘယ်လောက်ခက်တယ်ဆိုတာ ခင်ဗျားတို့ ကိုယ်တွေ့ပဲလေ။ ကျုပ်မှန်းတာ မမှားဘူးဆိုရင် ကျုပ်တို့ လမ်းလျှောက်လာတာ ၂၅ မိုင် ကျော်သွားပြီ" ဟု ဆင်ထိန်းတစ်ဦးက ပြောလေသည်။ "ဒီကောင်တွေ ဒီမှာ လာအိပ်နေတာဗျ။ ဒီလျှိုက အပင်ထူထပ်တော့ သူတို့ကိုယ်သူတို့လုံခြုံတယ်ဆိုပြီး။ ဒါပေမယ့် မကြာဘူးကြည့် ဒီကောင်တွေ ကျုပ်တို့အနံ့ရရင်နေရာပြောင်းလိမ့်မယ်"ဟု ဆင်ဦးစီးက အတွေ့ကြုံအရ ဆိုလေသည်။ "အစ်ကိုကြီး ပစ်ဖမ်းမှာလား" ဟု စပ်စုကြည့်ရာ။



ဖမ်းဆီးရမိထားသော ဆင်ပေါက်ငယ်အား ဆင်ယဉ်များနှင့်အတူ တွေ့ရစဉ်။

(ဆက်လက်ဖော်ပြပါမည်)

## ဩဂုတ် ၂၉/၃၀ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ်** | | | | |
| စပါး | ၀ | - | ၀ | အဲဗာတန် |
| ဆောက်သမ်တန် | ၃ | - | ၀ | နော့ဝစ်ချ် |
| ဆွမ်ဆီး | ၂ | - | ၁ | မန်ယူ |
| **စပိန်လာလီဂါ** | | | | |
| ဆိုစီဒက် | ၀ | - | ၀ | စပို့တင်းဂီဂျွန် |
| ဘာစီလိုနာ | ၁ | - | ၀ | မာလာဂါ |
| ဆယ်လ်တာဗီဂို | ၃ | - | ၀ | ဗယ်လက်ကာနို |
| ရီးယဲလ်မက်ဒရစ် | ၅ | - | ၀ | ဘက်တစ် |
| **စီးရီးအေ** | | | | |
| ဘိုလော့ဂ်နာ | ၀ | - | ၁ | ဆာဆူအိုလို |
| အေစီမီလန် | ၂ | - | ၁ | အမ်ပိုလီ |
| **ဘွန်ဒက်လီဂါ** | | | | |
| ဘိုင်ယန်မြူးနစ် | ၃ | - | ၀ | လေဗာကူဆင် |
| ဒေ့ါမွန် | ၃ | - | ၁ | ဟာသာဘာလင် |

**မောင်မောင်ဇော်**

# လာလီဂါပွဲစဉ် (၂) တွင် ရီးယဲလ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး ဘာစီလိုနာ နိုင်ပွဲဆက်ခဲ့

ဩဂုတ် ၂၉ ရက်ညပိုင်းက လာလီဂါ ပွဲစဉ်(၂)အဖြစ် ပွဲစဉ်ငါးပွဲယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းမှာ ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဘာစီလိုနာအသင်းမှာ နောက်တန်းကစားသမား ဗာမေလန်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ကာ လာလီဂါတွင် နိုင်ပွဲဆက်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲစဉ်(၂)တွင် ရီးယဲလ်ဘတ်တစ်အသင်းအား အိမ်ရှင်အဖြစ် လက်ခံကစားခဲ့ရပြီး တိုက်စစ်မှူး ဂါရတ်ဘေးလ်၏ သွင်းဂိုးနှစ်ဂိုး၊ ဂျိမ်းစ် ရိုဒရီဂွက်ဇ်၏ သွင်းဂိုးနှစ်ဂိုးနှင့် ဘင်ဇီမာ၏ သွင်းဂိုးတစ်ဂိုးတို့ဖြင့် ဘတ်တစ်အသင်းအား အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ယင်းပွဲစဉ်တွင် အိမ်ရှင်အသင်းရော ဧည့်သည်အသင်းပါ နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့်ပွဲထွက်လာခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းသည် ပထမပိုင်းပွဲစပြီး ၂ မိနစ်မှာပင် တိုက်စစ်မှူးဂါရတ်ဘေးလ်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်တွင် ဂါရတ်ဘေးလ်၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် ဘင်ဇီမာတို့ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်း၏ ထိပ်တန်းဂိုးသွင်းရှင် စီရိုနယ်လ်ဒိုမှာ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ရီးယဲလ်ဘတ်တစ်အသင်းမှာမူ ချေပဂိုးပြန်လည်သွင်းယူနိုင်မည့် ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်ဂိုးသမား ကီလာနားဗက်၏ လက်စွမ်းပြကာကွယ်နိုင်ခဲ့ခြင်းကြောင့် ချေပဂိုးရရှိရေးအခွင့်အရေးနှင့် လွဲခဲ့ရပြီး ရီးယဲလ်မက်ဒရစ် အိမ်ကွင်းတွင် ငါးဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။



**စပိန်လာလီဂါပွဲစဉ်(၂)၏ ရီးယဲလ်မက်ဒရစ်နှင့် ရီးယဲလ်ဘတ်တစ်တို့၏ ပွဲစဉ်တွင် ရီးယဲလ်မက်ဒရဏ်က ရီးယဲလ်ဘတ်တစ်အား ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ရီးယဲလ်ကစားသမားများ အောင်ပွဲခံစဉ်။**

လာလီဂါပွဲစဉ်(၂)၏ အခြားပွဲစဉ် တစ်ပွဲ ဖြစ်သည့် ဘာစီလိုနာအသင်းနှင့် မာလာဂါ အသင်းတို့၏ ပွဲစဉ်တွင် အာဆင်နယ် နောက်တန်းကစားသမားဟောင်း ဗာမေလန်၏ ဒုတိယပိုင်းပွဲကစားချိန် ၇၃ မိနစ်တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယင်းသွင်းဂိုးသည် ဗာမေလန်အတွက် ဘာစီလိုနာအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ပထမဆုံးသွင်းဂိုးလည်းဖြစ်လာခဲ့သည်။

ဘာစီလိုနာအသင်းအတွက်မူ ပွဲစဉ်(၁)တွင် ဘီဘာအိုအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားခဲ့သည့်အပြင် ယခုပွဲစဉ်(၂)တွင် မာလာဂါကို တစ်ဂိုး-ဂိုးမရှိဖြင့် ဆက်လက်အနိုင်ရရှိခဲ့ခြင်းကြောင့် လာလီဂါတွင် နိုင်ပွဲဆက်သည့် ပွဲစဉ်တစ်ပွဲလည်းဖြစ်လာခဲ့သည်။

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် ဘာစီလိုနာတိုက်စစ်မှူးမက်ဆီတို့သည် ပြီးခဲ့သည့် ဘောလုံးရာသီများတွင် အသင်းအတွက် ဂိုးသွင်းဘုရင်များဖြစ်ခဲ့သော်လည်း လက်ရှိလာလီဂါ နှစ်ပွဲကစားအပြီးတွင် တစ်ဂိုးမျှသွင်းယူပေးနိုင်ခဲ့ခြင်းမရှိဘဲ ဂိုးပေါက်ပျောက်နေဆဲပင်ဖြစ်သည်။

လာလီဂါပွဲစဉ်(၂)၏ အခြားပွဲစဉ်များ ဖြစ်ကြသည့် ရီးယဲလ်ဆိုစီဒက်အသင်းနှင့် စပို့တင်းဂီဂျွန်အသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဆယ်လ်တာဗီဂိုနှင့် ဗယ်လက်ကာနိုအသင်းတို့၏ ပွဲစဉ်တွင် ဆယ်လ်တာဗီဂိုအသင်းက ဗယ်လက်ကာနို အသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ငွေကြယ်**

# မာကိုရှူးစ်အား ခေါ်ယူရန် အာဆင်နယ်ကြိုးပမ်း

ယခုနောက်ပိုင်းအပြောင်းအရွှေ့ဈေးကွက်တွင် ငွေသုံးကြမ်းနေသည့် အာဆင်နယ်က ဂျာမနီကြယ်ပွင့် မာကိုရှူးစ်အား ခေါ်ယူခွင့်ရရန် ပေါင် ၄၈သန်း ပေးချေရန် အသင့်ရှိနေသည်ဟု အင်္ဂလန်မှလာသည့် သတင်းများ၌ ဖော်ပြသည်။နည်းပြဝင်းဂါးသည် ယခင်က ပြင်သစ်ကစားသမားများကိုသာ ဦးစားပေးခေါ်ယူလေ့ရသော်လည်း နောက်ပိုင်းနှစ်များတွင် မာတီဆက်ကာ၊ ပိုဒေါစကီး၊ အိုဇေးလ်တို့ကို အမ်းစ်မရိတ်ကွင်းဆီကို ခေါ်ယူနိုင်ခဲ့ပြီးနောက်၌ ဂျာမန်များကိုပိုမိုမျက်စိကျလာသည့် အနေအထားပင်ဖြစ်သည်။

မာကိုရှူးစ်အနေဖြင့်လည်း ဂျာဂင်ကလော့ မရှိတော့သည့် ဒေ့ါမွန်ကနေ ယခုနှစ်နွေဈေးကွက်မှာပဲ ထွက်ခွာဖို့ ပြင်ဆင်နေပြီး သူ့ကိုလီဗာပူးနှင့်အာဆင်နယ်တို့က ခေါ်ယူဖို့ကြိုးပမ်းနေကြခြင်းဖြစ်သည်။ သို့သော် ဒေ့ါမွန်တာဝန်ရှိသူများကမူ ကလပ်အသင်းမှမည်သည့် ကစားသမားကိုမျှ ရောင်းချမည်မဟုတ်ဟု အစောပိုင်းကတည်းက ပြောထားပြီးဖြစ်သည်။

အာဆင်နယ်အနေဖြင့် ကမ္ဘာ့အဆင့်ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကိုခေါ်ယူဖို့ကြိုးပမ်းနေပြီး ယခင်ကရီးယဲလ်တိုက်စစ်မှူးဘင်ဇီမာအား ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း အဆင်ပြေမှုမရှိခဲ့သည့်အတွက် မာကိုရှူးစ်အားချဉ်းကပ်လာခြင်းဖြစ်သည်။ ဝင်းဂါးသည် တိုက်စစ်မှူး ဝဲလ်ဘတ်နှင့် ဝဲလ်ကော့တို့၏ နောက်ချန်တိုက်စစ်နေရာအတွက် ရှူးစ်ကိုခေါ်ယူလိုနေပြီး လိဂ်ဖလားရရှိဖူးသော ရှူးစ်၏ အတွေ့အကြုံက အာဆင်နယ်ကို အထောက်အပံ့များစွာ ဖြစ်စေနိုင်မည်ဟု ဝင်းဂါးက ယုံကြည်နေသည်။

**မေလှဲ့သင်း**

## ဘောလုံးလောကသတင်းတိုများ

- ဘိုင်ယန်မြူးနစ်နှင့် ပီအက်စ်ဂျီတို့သည် အဲဗာတန် နောက်တန်းကစားသမား ကိုးလ်မန်းအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။
- ရီးယဲလ်မက်ဒရစ်က ဒီဂီယာအား ပေါင်သန်း ၃၀ အောက်ကမ်းလှမ်းလာမှုကို မန်ယူအသင်းက ငြင်းဆိုထားသည်။
- ယခုအပြောင်းအရွှေ့မပိတ်သိမ်းမီ ကာလအတွင်း ဝက်စ်ဘရွန်းအသင်းက တိုက်စစ်မှူး ဘရာဟီနိုအား စပါးအသင်းသို့ ပြောင်းရွှေ့ခွင့်ပေးမည်မဟုတ်ကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် လက်စတာစီးတီးအသင်းမှ အယ်လ်ဂျီးရီးယားတောင်ပံကစားသမား မာရက်ဇ်အား ခေါ်ယူရန်စောင့်ကြည့်လျက်ရှိသည်။
- ဟားစီးတီးအသင်းမှ ခရိုအေးရှားတိုက်စစ်မှူး ဂျီလာဗစ်အား ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန်စီစဉ်လျက်ရှိသည်။

# အက်သလက်ကိုပြန်လည်ခြေချလိုသည့်ဒီယေဂိုကော်စတာ ဈေးကွက်ပိတ်သိမ်းချိန်အထိ ပေါ့ဘာကိုလက်မလျှော့မည့် ချယ်လ်ဆီး

ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် သူ၏ ရွှေရောင်နေ့ရက်များဖြတ်သန်းရာ အက်သလက်တီကိုအသင်းသို့ပြန်လည်ခြေချလိုသဖြင့် လျှို့ဝှက်ချိတ်ဆက်မှုများပြုလုပ်နေသည်ဟု ဒေးလီးအိပ်စ်ပရက်စ်ကဖော်ပြသည်။ဒီယေဂိုကော်စတာသည် ပရီမီယာလိဂ်သို့ပြောင်းရွှေ့ရောက်ရှိလာသည်မှာ တစ်နှစ်သာရှိသေးသော်လည်း ချယ်လ်ဆီးတွင် ဒဏ်ရာပြဿနာအပြင် အင်္ဂလန်မီဒီယာများ၏ လူမှုရေးကိစ္စရပ်များအထိပါ အသားပေးရေးသားဖော်ပြချက်များကြောင့် အင်္ဂလန်မြေတွင် မပျော်ပိုက်တော့ဘဲ အက်သလက်သို့ တစ်ကျော့ပြန်သွားရောက်ကစားလိုခြင်းဖြစ်သည်။

ကော်စတာသည် ပြီးခဲ့သည့် ဩဂုတ်၂၈ရက်က အက်သလက်ဥက္ကဌမီဂွဲလ်အိန်ဂျယ်ဂေးလ်နှင့်တွေ့ဆုံခဲ့ပြီး ၎င်းအနေဖြင့် အက်သလက်တီကိုသို့ပြန်လည်ပြောင်းရွှေ့ကစားလိုကြောင်းပြောကြားခဲ့သည်ဟု မာကာသတင်းစာ၌ဖော်ပြသည်။

ထို့ပြင် ပေါ့ဘာအားခေါ်ယူရန် အပြောင်းအရွှေ့ကာလပိတ်သိမ်းသည်အထိ လက်လျှော့မည်မဟုတ်ကြောင်းလည်း ချယ်လ်ဆီးတာဝန်ရှိသူများကပြောကြားခဲ့သည်။ ပေါ့ဘာအား ပထမအကြိမ်အဖြစ်ပေါင်သန်း၇၀အထိပေးကာ ကမ်းလှမ်းခဲ့သော်လည်း ဂျူဗင်တပ်ဘက်မှပယ်ချခဲ့ကာ အသင်းမှာ ငွေမလိုအပ်ကြောင်း၊ ပေါ့ဘာမှာရောင်းချမည့်ကစားသမားမဟုတ်ကြောင်း အကြောင်းကြားခဲ့သည်။

ထို့နောက် ချယ်လ်ဆီးဘက်မှ ဒုတိယအကြိမ်အဖြစ်ပေါင် ၈၃ဒသမ၇သန်းအထိပေးကာ ထပ်မံကမ်းလှမ်းခဲ့ပြီး ဂျူဗီ၏ အကြောင်းပြန်ကြားချက်အား စောင့်ဆိုင်းနေဆဲဖြစ်သည်ဟု ဖော်ပြသည်။ ချယ်လ်ဆီးသည် ဂွန်စတုန်းနှင့် ပေါ့ဘာနှစ်ဦးထဲမှ တစ်ဦးကို ယခုနှစ်နွေဈေးကွက်တွင် အရောက်ခေါ်ယူနိုင်မည်ဟု ယုံကြည်နေသည်။



ချယ်လ်ဆီးသည် ဩဂုတ် ၃၀ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၌ ခရစ္စတယ်ပဲလေ့စ်အားနှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ ပရီမီယာလိဂ် ဖလားအား ယခုနှစ်တွင်ရယူရန် အခွင့်အလမ်း နည်းသွားပြီဆိုသော ဝေဖန်မှုများအပေါ် မှားယွင်းကြောင်း မကြာမီသက်သေပြသွားနိုင်မည်ဖြစ်ကြောင်းဆိုခဲ့သည်။

**မေလှဲ့သင်း**

# ဘော်လီဘောနည်းပြ ဆရာအဆင့်(၁) သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ဘော်လီဘော နည်းပြသင်တန်းအဆင့်(၁) (Level-1) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက သင်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံမှ သင်တန်းမှူး Course Director Mr. ALEXANDER LEIBE-TSEDER က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၃ ဦး တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ပြုလုပ်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် သြဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် (၁၂၃)လမ်းနေ ဒေါ်သီတာဝင်းမိသားစုသည် ပင်စင်ကိစ္စဆောင်ရွက်ရန်အတွက် သြဂုတ် ၂၇ ရက် ညနေပိုင်းတွင် သပြေကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ထောက်ခံစာ လာရောက်လျှောက်ထားရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အိမ်ထောင်စုလူဦးရေစာရင်းအတုဟုယူဆရသဖြင့် မြို့နယ်ဦးစီးမှူး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသို့ ဖုန်းဖြင့်သတင်းပေးခဲ့ကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဦးစီးမှူး ဦးခင်မောင်ညွန့်၊ လဝကမှူး ဦးကျင်စိန်၊ ဒု-လဝကမှူး ဦးကျော်ကျော်လွင်တို့က သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်သီတာဝင်းက အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်းအား ကျောက်မြောင်းဈေးအတွင်းရှိ မာကျူရီပလတ်စတစ်အရောင်းဆိုင်ပိုင်ရှင် မကြူဆိုသူက ပွဲစားပြုလုပ်၍ အိမ်ထောင်စုစာရင်းအတု တစ်စောင်လျှင် ငွေကျပ် ၈၀၀၀၀ ပေး၍ လုပ်ဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အိမ်ထောင်စုစာရင်းအတု ပြုလုပ်ကိုင်ဆောင်ခဲ့သူ ဒေါ်သီတာဝင်းနှင့် နိုင်ငံတော်တံဆိပ်တုံး၊ ဝန်ထမ်းတံဆိပ်တုံးအပြင် လက်မှတ်များ အတုပြုလုပ်ပေးသူ မာကျူရီပလတ်စတစ်အရောင်းဆိုင်ပိုင်ရှင် မကြူတို့အား အရေးယူပေးရန် ဒု-လဝကမှူး ဦးကျော်ကျော်လွင်က တရားလိုပြုလုပ်ပြီးတိုင်တန်းခဲ့ကြောင်း သိရသည်။

ယင်းအမှုကို မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ အမှုစစ်ဒုရဲအုပ်နေမျိုးချစ်က စစ်ဆေးဆောင်ရွက်ခဲ့ရာ ဒေါ်သီတာဝင်း(၅၂)နှစ်နှင့် အိမ်ထောင်စုအတုပြုလုပ်ပေးသူ မာကျူရီပလတ်စတစ် အရောင်းဆိုင်ပိုင်ရှင် မကြူ(ခ) သီသီ(၄၅)နှစ်တို့အား အမှုဖြင့်ဖမ်းဆီးစစ်ဆေးခြင်းများ ဆောင်ရွက်ရာ မကြူ(ခ)သီသီ၏ ထွက်ဆိုချက်အရ အဆိုပါ သီတာဝင်းအမည်ပါ အိမ်ထောင်စုစာရင်းအား မတင်တင်မိုးဆိုသူက ပြုလုပ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဦးနှင့် တာဝန်ရှိသူများက မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်လမ်းနေ တင်တင်မိုး(၃၂)နှစ်အား ဆက်လက်စစ်ဆေးခဲ့ရာတွင် တောင်ဒဂုံမြို့နယ်နေ အေးအေးမာ(ခ) အေးအေးအောင်က ပြုလုပ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပူးပေါင်းအဖွဲ့သည် အေးအေးမာ(ခ)အေးအေးအောင်(၄၃)နှစ် ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်နေသူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းထံမှ ဦးသန်းဇော်ထွန်း အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၂/ဒဂတ(နိုင်)၂၁၄၉၆ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုတစ်ကတ်၊ မနွယ်နွယ်ဝင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၂/မရက(နိုင်)၁၄၂၄၉၄ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု တစ်ကတ်၊ ဦးဝင်းမြင့်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၂/လသန(နိုင်)၀၀၇၂၄၅ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အတု တစ်ကတ်၊ ဒေါ်ရီရီလွင်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၂/ဒဂတ(နိုင်)၀၀၃၄၁၈ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု တစ်ကတ်၊ မောင်မင်းမင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၂/မရက(နိုင်)၂၃၁၈၂၆ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု တစ်ကတ်၊ မောင်လင်းလင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၂/မရက(နိုင်) ၂၃၁၈၂၅ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အတု တစ်ကတ်၊ အမည်များမရေးသွင်းရသေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအတုနှစ်ကတ်၊ ၀၉-၂၆၂၄၃ ၅၈၄၆ ဆင်းကတ်ထည့်သွင်းအသုံးပြုထားသည့် Gugoo စာတန်းတံဆိပ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ ၀၉-၇၈၁၂၁၇ ၆၃၀ ဆင်းကတ်ထည့်သွင်းအသုံးပြုထားသည့် NOKIA စာတန်းတံဆိပ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ ၀၉-၃၀၁၇၃ ၉၂၇ ဆင်းကတ်ထည့်သွင်းအသုံးပြုထားသည့် Collpad စာတန်းတံဆိပ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ Horse စာတန်းတံဆိပ်ပါ တံဆိပ်တုံးထုရာတွင်အသုံးပြုသည့် မင်နှိပ်ဘူး တစ်ဘူးတို့အား ရှာဖွေတွေ့ရှိသဖြင့် ၎င်းအား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ အမှုဖြင့် ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။



အမှုမှသိမ်းဆည်းရမိသော နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများအား ရွှေပြည်သာမြို့နယ် ဘုရင့်နောင်လမ်းရှိ သိင်္ဂီဦးဖိနပ်အရောင်းဆိုင်ပိုင်ရှင် သက်ဦးအောင်ထံမှ ရရှိခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သိင်္ဂီဦးဖိနပ်အရောင်းဆိုင်သို့ သွားရောက်ရှာဖွေခဲ့ရာ သက်ဦးအောင်(၃၆)နှစ်အား တွေ့ရှိခဲ့ရပြီး ဆိုင်အတွင်းမှ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုပြုလုပ်ရန် ဦးစီးအရာရှိတံဆိပ်ပေါ်၌ လက်မှတ်များ ရေးထိုးထားပြီး အမည်စာရင်း ရေးသွင်းရခြင်း မရှိသေးသည့် ပန်းရောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ၂၁ ကတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအတု ပြုလုပ်ရန် ဦးစီးအရာရှိတံဆိပ်ပေါ်၌ လက်မှတ်ရေးထိုးထားခြင်း မပြုရသေးဘဲ အမည်စာရင်း ရေးသွင်းရခြင်းမရှိသေးသည့် ပန်းရောင် နိုင်ငံသားစိစစ် ရေးကတ်ပြားအတု ၇၆ ကတ် စုစုပေါင်း ၉၇ ကတ်တို့အား ရှာဖွေ တွေ့ရှိသိမ်းဆည်းရမိကြောင်း၊ သက်ဦးအောင်၏ အစစ်ခံချက်အရ ၎င်းတို့မိဘများနေအိမ်ဖြစ်သော အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ကျောင်းလမ်း အမှတ်-၆၆၉ နေအိမ်မှ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုပြုလုပ်ရာတွင် အသုံးပြုသော ViewSonic စာတန်းတံဆိပ်ပါ ကွန်ပျူတာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများဖြစ်သော ORIENT စာတန်းတံဆိပ်ပါ မော်နီတာတစ်လုံး၊ Epson စာတန်းတံဆိပ်ပါကာလာပရင်တာတစ်လုံးတို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်တရားခံများဖော်ထုတ်နိုင်ရေးအတွက် ကျူးလွန်သူများဖြစ်သည့် သီတာဝင်းပါ ငါးဦးအား အမှုဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

❖ ❖ ❖



**သြဂုတ် ၂၉ ရက် ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် မင်္ဂလာဈေးကားမှတ်တိုင်မှ ဒေါပုံသို့ ယာဉ်မောင်း ကိုစည်သူမောင်းနှင်လာသော ဒိုင်နာ(၁၀၅)အပြာ 8A/. . . . သည် သာကေတတံတားအတက်တွင် အရှိန်မထိန်းနိုင်၍ လမ်းချော်တိမ်းမှောက်စဉ်။** ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ဖီသားရှ ကုမ္ပဏီလီမိတက် အိမ်၊ခြံ၊မြေ မှရောင်း/ငှားမည်

| | | | |
|---|---|---|---|
| 1.ကမ္ဘာ့ဇလမ်း၊မ၊ဗတ | (0.157ဧက) | မြေ,အုတ်ခံ | 33000L |
| 2.အောင်ဇေယျလမ်း၊မ၊ရက | (60×120) | RC2 | 29500L |
| 3.အာရှတော်ဝင်အနီး၊စခ | (70×90) | RC3½ | 23000L |
| 4.စန္ဒာသီရိလမ်း၊မရက | (6000Sqft) | မြေ | 16500L |
| 5.ကန်ရိပ်သာလမ်း၊မရက | (52×65) | RC2 | 14000L |
| 6.မလိခအိမ်ရာ၊သဃက | (65×80) | မြေ | 7500L |
| 7.သုဝဏ္ဏVIP၊သဃက | (60×90) | RC2 | 6800L |
| 8.ကိုယ့်မင်းကိုယ့်ချင်းရိပ်သာ၊ဗတ | (30×60) | မြေ | 5800L |
| 9.အောင်သိဒ္ဓိရိပ်သာ၊မရက | (40×80) | မြေ | 5500L |
| 10.မဥ္ဇူလမ်း၊ရက | (35×55) | RC2 | 4900L |
| 11.ပါရမီရိပ်သာ၊မရက | (2750Sqft) | BN1 | 4500L |
| 12.သုမင်္ဂလာလမ်း၊မ၊တ/ဥ | (20×60) | မြေ | 3800L |
| 13.ကုန်းမြင့်ရိပ်သာ၊မရက | (30×50) | မြေ,အုတ်ခံ | 3200L |
| 14.ပင်လုံလမ်းမအနီး၊မ/အုံ | (80×60) | မြေ | 3150L |
| 15.ရွှေပြည်စိုးအိမ်ရာ၊တ/ဥ | (30×60) | RC1 | 2000L |
| 16.ပြည်ထောင်စုလမ်းအနီး၊မ/အုံ | (40×60) | မြေ | 1350L |
| 17.ရွှေပြည်သာစက်မှုဇုန် | (1ဧက)မြေသီးသန့် | | 5500L |
| 18.လှိုင်သာယာစက်မှုဇုန် | (160×215)ဂို(60×80) | | 5400L |
| 19.ရန်ကုန်စက်မှုဇုန် | (5ဧက)မြေ,အုတ်ခံ 1ဧက-4500L | | |
| 20.ရွှေပြည်သာစက်မှုဇုန် | (2ဧက)ဂို(100×170)(80×220)500KVA | | 100L |
| 21.အုံဆိပ်ကမ်းစက်မှုဇုန် | (3.5ဧက)ဂို(80×200)315KVA | | 65L |
| 22.လှိုင်သာယာစက်မှုဇုန် | (22000Sqft)ဂို(90×200)315KVA | | 49L |

☎- 0973161672, 0973494343, 0973054542
မြို့နယ်စုံရှိ လုံးချင်း/မြေများကို အပ်နှံရန်ဖိတ်ခေါ်ပါသည်။

Tutor / PhD / UFL
September 6 စမည်
since1984 အဖြူလေး 095146452
ဦးဟန်သာ အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း တာမွေ လှည်းတန်း
သဒ္ဒါနှင့်အရေး ပညာဒါန
Sep6 စမည် တန်းခွဲတစ်ခုသာ (သုံးလအတွက် 10000/- )
အိမ်ဝိုင်းများလက်ခံပြီ

ဆရာပိုင်(ပိုင်သချာ်)ကိုယ်တိုင်ဦးစီးတည်ထောင်သော
YC
၁၀တန်းဘာသာစုံ
စက်တင်ဘာ (၆)လပြည့်
အဆင့်မြင့်စာသင်ဝိုင်း
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ➡ ဦးတင်ကို
သချာ် ➡ ဆရာပိုင်(ပိုင်သချာ်)
ဓာတု ➡ ဆရာသုတ
ရူပ ➡ ဦးဆက်မွန်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
ဝိုင်း(၆၀၀၀၀-ကျပ်) ရှယ်(၉၀၀၀၀-ကျပ်)
၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

**စန္ဒရား- ကိုရည်ခိုင်**
စန္ဒရားသင်တန်း(မဟာဂီတ)၊
ကီးဘုတ်သင်တန်း၊ နုတ်(စ်)
ဘာသာရပ်သင်တန်းများ
အိမ်အရောက်သင်ကြားပေးသည်။
ဆက်သွယ်ရန်ဖုန်း-
၀၉-၇၉၉၉၈၃၅၃၈၊
၀၉-၉၇၂၃၅၅၆၇၈

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လစာချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

သွေးသည် အသက်

ဦးအောင်ဟိန်းကျော်
ဈေးပြော၊ဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
■နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)
ဆရာဖြစ်အင်္ဂလိပ်စာ(Ceritificate/Diploma)ရှင့်ပြီ
■392468 095171841
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 9F-5126, 9F 5123 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှေသာကြီး)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 9F-5133 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှေသာကြီး)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း
၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၈၀/မမ/CE | တိုင်း(၇)ရန်ကုန် - အင်းစိန်(စံကျော်စု)ကျူးကျော်ရပ်ကွက်တွင် သံလမ်းတိုင်၊ သံလမ်းတန်းဖြင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၄.၉.၂၀၁၅ ( တနင်္လာနေ့ ) (၁၂.၃၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၁.၈.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:294352, 291994

စာမျက်နှာ ၁၅ မှ

**ပုံစံ - ဂ**

**(မူရင်းထပ်တူပေါင်း ၄ စောင် ရှိစေရမည်။)**

(ပုဒ်မ ၁၅ ကိုကြည့်။)

ထိမ်းမြားကြောင်း သက်သေခံမှတ်ပုံတင်စာအုပ်ပုံစံ

အမှတ်၊ -----------။

ထိမ်းမြားသည့်နေ့ရက်။

ထိမ်းမြားရာအရပ်

(က) လင်၏အမည်၊
(ခ) အသက်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အလုပ်အကိုင်၊
(စ) နေရပ်၊
(ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်၊
(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့်နေရပ်။

(က) မယား၏အမည်၊
(ခ) အသက်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အလုပ်အကိုင်၊
(စ) နေရပ်၊
(ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်၊
(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့်နေရပ်၊
(ဈ) အသက် ၂၀ နှစ်မပြည့်သေးလျှင် ထိမ်းမြားရန် သဘောတူညီချက်ပေးပြီးသည့် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်။

※ [ ကျွန်တော် နှင့် ကျွန်မ တို့၏ ယခုထိမ်းမြားမှုကို အောက်ပါသက်သေများရှေ့တွင် ပြုလုပ်ပါသည်။

လင်၏လက်မှတ်

မယား၏လက်မှတ်

ကျွန်ုပ်တို့ရှေ့တွင် ပြုလုပ်ပါသည်။

| | | |
|---|---|---|
| မောင် / မ | အမည် | ၊ -------------------------------- |
| | အလုပ်အကိုင် | ၊ ------------------------------ |
| | နေရပ် | ၊ -------------------------------- |
| မောင် / မ | အမည် | ၊ -------------------------------- |
| | အလုပ်အကိုင် | ၊ ------------------------------ |
| | နေရပ် | ၊ -------------------------------- |

ထိမ်းမြားရန် သဘောတူချက်ပေးသူ၏လက်မှတ်။

အထက်တွင်အမည်ဖော်ပြပါရှိသူတို့၏ထိမ်းမြားမှုကို ၂၀--------ခုနှစ်၊ ------ လ ---------- ရက်နေ့တွင် ကျွန်ုပ်ရှေ့၌ ပြုလုပ်သည်။]

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

※ မှတ်ချက် ။ ဤဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) အရ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ငြင်းဆိုသူများဖြစ်လျှင် ဤအပိုဒ်ကို ပယ်ဖျက်ရမည်။

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

**လှိုင်းဘွဲ့ ဩဂုတ် ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရန် စီမံကိန်းကျေးရွာ တာကရား (ရှေ့)၊ တာကရား(နောက်) ကျေးရွာတို့တွင် ဩဂုတ် ၁၈ ရက်က လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသိန်းစိုး၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းများသည် မြို့နယ်မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ယင်းကျေးရွာများရှိ ဘုန်းကြီးကျောင်းများ၌ ဒေသခံ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ မြစိမ်းရောင်ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

"မြစိမ်းရောင်ကျေးရွာရန်ပုံငွေဆိုတာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြစ်ပါတယ်။ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်ရခြင်းနဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်၍ တစ်ရွာလုံးဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ပြီး ဆင်းရဲမှု ရာခိုင်နှုန်းကို လျှော့ချနိုင်စေရန်ရည်ရွယ်တာဖြစ်ပါတယ်" ဟုအဆိုပါ တွေ့ဆုံပွဲတွင် မြို့နယ်ကျေးလက်ဦးစီးမှူးက ရှင်းပြသည်။



အလားတူ ကိုဧည့်သည်၊ ကွမ်တာ၊ ဖာပွန်၊ ကော့ဝါးမီ၊ ထန်းတပင်၊ ရွာကိုင်းကောင်း၊ ဝိုင်းထော်၊ တာပေါင် ကမ်းနား+ကော့ပေါ၊ လှကဇိုင်း၊ ကော့လန်စူ၊ ကော့ကရယ်ကျွန်း၊ နံ့သာအုန်း စသည့်ကျေးရွာများတွင်လည်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **မြို့နယ်/ကျေးလက်**

# နတ်တလင်းမြို့နယ် အေးငြိမ်းသာမြို့သစ်ရှိ အောင်မြင်ချမ်းသာစေတီမှ စိန်ဖူးတော်ပျောက်ဆုံး

**နတ်တလင်း ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မရပ်ကွက် အေးငြိမ်းသာ မြို့သစ်ဘုရင့်နောင်လမ်းနေ ဦးဝင်းနိုင်(အောင်မြင်ချမ်းသာဘုရားဂေါပကဥက္ကဋ္ဌ)သည် ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီခွဲခန့်က ဥပုသ်သီလ ခံယူရန် အေးငြိမ်းသာဘုန်းကြီးကျောင်းသို့သွားရာ ကျောင်းဝင်းအတွင်းတည်ထားကိုးကွယ်ထားသော အောင်မြင်ချမ်းသာစေတီတော်-ဉာဏ်တော် ၂၇ တောင်၊ရင်ပြင်အကျယ်ပေ-၄၀ပတ်လည်ရှိသောစေတီ၌ တင်လှူပူဇော်ထားသော စိန်ဖူးတော်ပျောက်ဆုံးနေကြောင်းတွေ့မြင်ရ၍ ဘုရားဂေါပကအတွင်းရေးမှူးဦးဝင်းဘို၊ ဦးဖိုးဉာဏ်တို့ထံဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားပြီးထပ်မံကြည့်ရှု၍နံနက်၈နာရီခန့်တွင် ဦးဝင်းဘိုက မြို့မရဲစခန်းသို့ သတင်းပို့အကြောင်းကြားသဖြင့် စခန်းမှူးဒုတိယရဲမှူးလှသန်းနိုင်နှင့်အဖွဲ့က အခင်းဖြစ်ရာနေရာသို့ အမြန်ဆုံးလာရောက်ကြပြီး စစ်ဆေးမှုများပြုလုပ်ကာ အမှုဖွင့် အရေးယူဆောင်ရွက်နိုင်ရေးစီစဉ်လျက်ရှိကြောင်း သိရသည်။

**၀၇၁**

REASONABLE
Construction
(P.A.E) စနစ်ဖြင့်
- နေအိမ်၊ အဆောက်အအုံ၊ ခြံစည်းရိုးကာခြင်း
- နေအိမ်တွင်း/ပြင် အလှဆင်ခြင်း
- စက်ရုံ၊ ဂိုဒေါင်၊ Steel Structure
- ရေကူးကန်နှင့် မြက်ခင်းအလှဆင်
-နည်းပညာ၊ အရည်အသွေး၊ ဈေးနှုန်းမှန်/အချိန်မြန်
Ph:09-261801795

မြေကွက်
ဝယ်လိုသည်
ဒဂုံဆိပ်ကမ်းနှင့်
ဒဂုံတောင်
ဖုန်း-၀၉-၄၉၃၃၉၃၅၄၊
၀၉-၄၂၅၂၈၉၀၀၃

ဝင်းသွယ်သွယ် စိန်ရွှေရတနာဆိုင်
ပစ္စည်းများအားလုံးကို ဒစ်ဂျစ်တယ်ရွှေရည်စမ်းသပ်စက်ဖြင့် စမ်းသပ်ထုတ်လုပ်ထားသောဆန်းသစ် လှပသည့် စက်ဒီဇိုင်း၊ လက်ဒီဇိုင်း ၁၅`ရည်၊ ၁၆`ရည် ရွှေရည်ပြည့် ရွှေထည်ပစ္စည်းများ၊ စိန်ထည်ပစ္စည်းများကို ထုတ်လုပ်ရောင်းချပေးနေပါသည်။ ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်ဆွေသစ်များကို အလျှော့တွက်လက်ခ သက်သာစွာဖြင့် ရောင်းချပေးနေပါသည်။
**ဝယ်ယူအားပေးသော မိတ်ဟောင်းမိတ်သစ်များအား ကျေးဇူးအထူးတင်ရှိပါသည်။**
အမှတ် (၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၁၀၀၊ ၅၃၉၅၁၂၊ ၅၂၃၈၁၈

ပြောင့်ဝင်းလှပစိတ်တိုင်းကျရမည်...
ဒလ္လာရီ
အထူးဆံပင်ပြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
Ph: 09-73048685
■ ဆံပင်ဖြောင့် (30000/-Ks) တန်
Discount (15000/-Ks)
■ ပယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်ဝင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ

လှူဒါန်းရန်၊ လက်ကားဖြန့်ချီရန်နှင့်ကုန်ပစ္စည်းပရိုမိုးရှင်း/ မွေးနေ့လက်ဆောင်ပေးရန် ဒီနိုင်းနှံ၊ ရောင်နှံ အိတ်မျိုးစုံကို စက်ရုံတိုက်ရိုက်ဈေးနှုန်းဖြင့်ရရှိနိုင်ပါသည်။
အမှတ် (10)A ၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊
Ph-01-200133/392216




ဝန်ထမ်းအလိုရှိသည်
(ရန်ကုန်နှင့်ပြည်တွင်းနယ်ဆိုက်များ၌ ကျပ်ငွေဖြင့် ခန့်ထားရန်)
၁။ Project Engineer (Construction) (ကျား/မ) ၂ - ဦး
(A.G.T.I, B.Tech, B.E (Civil))
လုပ်ငန်းအတွေ့အကြုံ (၅) နှစ်နှင့်အထက်ရှိသူဖြစ်ပြီး အထပ်မြင့်၊ Condominium၊ လုံးချင်း၊ Steel Structure စက်ရုံ အဆောက်အအုံများနှင့်စီမံကိန်းတစ်ခုလုံးအား ကောင်းစွာကြီးကြပ်ညွှန်ကြားနိုင်သူဖြစ်ရမည်။ (လစာကောင်းမည်)
၂။ AutoCAD (M/F) (ကျား/မ) ၂ - ဦး
B.E/AGTI (Civil)
အသက် (၂၅) နှစ် မှ (၃၅) နှစ်အတွင်း ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၃) နှစ်နှင့်အထက်ရှိရမည်။ M&E ပုံများအတွက် အတွေ့အကြုံ ရှိရမည်။ လိုအပ်ပါက ခရီးသွားနိုင်ရမည်။
အထက်ပါသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည်
ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း (၁) လအတွင်း ရဲစခန်းထောက်ခံချက်၊ သုံးလအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ (၂) ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
AUTHENTIC GROUP OF COMPANIES
အခန်း (၃၀၄)၊ ကွန်ဒို (D)၊ ကမ္ဘာအေးဗီလာဝင်း၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၁-၆၅၅၆၉၀၊ ၆၅၆၀၂၀၊ ၆၅၆၀၅၀၊ ၆၅၆၃၃၀၊ ၆၅၁၇၅၆




# တွင်ကျယ်ခေတ်စားလာသည့် အဆင့်မြင့်မိုဘိုင်းဖုန်းများ

à ALEZ

ယနေ့ခေတ်တွင် လူငယ်လူရွယ်များ၏လက်ထဲ အများဆုံးကိုင်ဆောင်အသုံးပြုလာကြသည်မှာ မိုဘိုင်းအီလက်ထရွန်နစ် ပစ္စည်းများဖြစ်သည်။ အဆိုပါမိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများအား ထုတ်လုပ်ကြသည့် လုပ်ငန်းများစွာမှာလည်း နိုင်ငံတကာတွင် အပြိုင်အဆိုင်ပေါ်ပေါက်လာနေကြပြီဖြစ်သည်။ လွန်ခဲ့သောဆယ်စုနှစ်များနှင့်မတူသွားလေရာတွင် အလွယ်တကူပေါ့ပါးစွာသယ်ဆောင်လာနိုင်ကြပြီဖြစ်သော အဆိုပါ မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများစွာတို့မှာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လွယ်ကူစွာထုတ်လုပ်ရောင်းချ နေကြသည်။ အသုံးပြုသူတစ်ဦးချင်းအလိုက် မိမိစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ကြပြီး ဈေးနှုန်းသတ်မှတ်ချက် အဆင့်အတန်း၊ အသုံးဝင်မှုအဆင့်အတန်း အမျိုးအစားစုံလင်စွာ ဈေးကွက်အတွင်းရှိနေကြပြီဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်မှုပြုရာတွင် ဖက်ရှင်ပစ္စည်းတစ်ခုအသွင်ဖြင့်လည်း တဖြည်းဖြည်းနေရာယူလာကြပြီး အသွင်အပြင်အသစ်အဆန်းများကို တစ်နေ့တခြားထုတ်လုပ်ဖြန့်ချိနေကြသည်။

ထိုကဲ့သို့ ထုတ်လုပ်ရောင်းချရမှုဈေးကွက်အတွင်း လုပ်ငန်းပြိုင်ဆိုင်မှုများရှိသလို တုပထုတ်လုပ်မှုများလည်း ရှိလာပေသည်။ ယနေ့ ၂၀၁၅ ခုနှစ်အတွင်း မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများ၏ ထုတ်လုပ်မှုနှင့် ဈေးကွက်ပြိုင်ဆိုင်မှုမှာ တဖြည်းဖြည်း အရှိန်အဟုန်မြင့်မားလာပြီး မိုဘိုင်းဈေးကွက်စစ်ပွဲတစ်ခုအသွင်ပင်ဖြစ်လာချေပြီ။ ထိုကဲ့သို့ ပြင်းထန်လာသော မိုဘိုင်းအီလက်ထရွန်နစ်ဈေးကွက်အတွင်း ထိပ်ဆုံးမှနေရာယူထားကြသူများမှာ Samsung နှင့် Apple အမှတ်တံဆိပ်များပင်ဖြစ်သည်။ ထုတ်လုပ်မှုနှင့် အမျိုးအစားများစွာရွေးချယ်နိုင်သော်လည်း အဆိုပါအမှတ် တံဆိပ်နှစ်မျိုးမှာ ဈေးကွက်အတွင်း လူကြိုက်များနေရာရလာပြီး အသုံးပြုသူများကိုယ်တိုင်ပင်လျှင် ပြိုင်ဆိုင်မှုများရှိလာသည်။

ပြည်တွင်းမိုဘိုင်းဈေးကွက်တွင်မူ လူတန်းစားအလွှာအလိုက် အသုံးပြုနိုင်သော မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများမှာ များစွာရှိနေပေသည်။ ရန်ကုန်နှင့် မန္တလေးကဲ့သို့သောမြို့ကြီးများတွင် အဆိုပါမိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများကို လွယ်ကူစွာဝယ်ယူရရှိနိုင်သော်လည်း အခြားမြို့ငယ်လေးများတွင်မူ အပိုပစ္စည်းရှားပါးမှု ပြဿနာတစ်ရပ်ရှိနေပေသည်။ ယခုအချိန်ကာလတွင် ပြည်တွင်းမိုဘိုင်းဈေးကွက်အတွင်း နာမည်ရအမျိုးအစားတစ်ခု ဖြစ်လာသည့် Samsung မိုဘိုင်းသည် ယနေ့မျိုးဆက်သစ်များကြားတွင် နိုင်ငံတကာနှင့်အပြိုင် ရေပန်းစားလာသည်။ နမူနာအားဖြင့် ဩဂုတ်လ ၂၃ ရက်တွင် မြန်မာနိုင်ငံ၏ မြို့ကြီးနှစ်မြို့ဖြစ်သော ရန်ကုန်နှင် မန္တလေးမြို့များတွင် Samsung မှ နောက်ဆုံးထွက်ရှိလာသော Galaxy Note 5 ကိုစတင်ရောင်းချခဲ့ရာ နာရီအနည်းငယ်အတွင်း တင်သွင်းထားသောအလုံးအရေအတွက်အားလုံး ရောင်းကုန်ခဲ့သည်ကို တွေ့ခဲ့ရာ နည်းပညာဆန်းသစ်သည့် ဖုန်းများကို ယနေ့လူငယ်များ မည်မျှမက်မောကြသည်ကို သိသာနိုင်သည်။

လက်ရှိတွင် နိုင်ငံတကာတွင်သာမက မြန်မာပြည်ဈေးကွက်တွင်ပါနာမည်ရနေသော Samsung အမှတ်တံဆိပ်အဆင့်မြင့်မိုဘိုင်းဖုန်းများမှာ လူကြိုက်များ၊ ဈေးကွက်အရဆုံးဖြစ်နေသည်ဟု ဆိုရမည်။ ယင်းအခြေအနေနှင့် ပတ်သက်၍ "ကျွန်တော်တို့ရဲ့နောက်ဆုံးပေါ် Galaxy Note 5 အပေါ်မှာ မြန်မာပြည်က သုံးစွဲသူတွေရဲ့ပံ့ပိုးမှုကို အခိုင်အမာ ရရှိခဲ့ပါတယ်။ Note Series ရဲ့ ရောင်းအားက တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာတာကို ကြည့်ခြင်းအားဖြင့် Galaxy Note Series ကို မြန်မာသုံးစွဲသူတွေ သဘောကျနှစ်ခြိုက်မှန်း သိနိုင်ပါတယ်။ Note 5 အားလုံးကို နာရီပိုင်း အနည်းငယ်အတွင်း ရောင်းကုန်ခဲ့ပါတယ်" ဟု Samsung Myanmar ၏ Head of IT & Mobile Channel ကိုဇာနည်ဝင်းထက်က ပြောကြားခဲ့သည်။ ထိုကဲ့သို့ ဈေးကွက်ရရှိခြင်းမှာ Samsung အသုံးပြုသူတို့မှ မိမိတို့အသုံးပြုပြီးတိုင်း အခြားမိုဘိုင်းအမှတ်တံဆိပ်များကို အသုံးပြုခြင်းထက် Samsung ကိုအသုံးပြုခြင်းက မြန်မာပြည်သူများအတွက်သင့်လျော်ကြောင်း မိတ်ဆွေသူငယ်ချင်းများအားမျှဝေခြင်းလည်း တစ်စိတ်တစ်ပိုင်း ပါဝင်နေပါသည်။ မြန်မာနိုင်ငံတွင် အဆိုပါ Galaxy Note 5 အား စတင်မိတ်ဆက်ရောင်းချစဉ်တွင် မရောင်းချမီ တစ်ရက်အလို ရန်ကုန်မြို့တွင် ည ၈ နာရီခွဲ ခန့်မှစ၍ ပထမဦးဆုံး ဝယ်ယူသူအပါအဝင် Samsung ပရိသတ်များသည် ရောင်းချမည့် လှည်းတန်းစင်တာအနီးတွင် စတင်စီတန်းစောင့်ဆိုင်းနေကြသည်။ မန္တလေးမြို့တွင် စတင်ရောင်းချမည့် မန္တလေးစီဒိုးနားဟိုတယ်အနီးတွင်လည်း မရောင်းချမီ တစ်ရက်အလို ည ၉ နာရီခွဲဝန်းကျင်တွင် ဝယ်ယူမည့် ပရိသတ်များက စတင်စီတန်းစောင့်ဆိုင်းနေကြသည်မှာ အံ့သြဖွယ်ဖြစ်သည်။


"Samsung က Social Media တွေမှာရော ဂျာနယ်တွေမှာပါ ကြော်ငြာတာတွေကို တွေ့လည်းတွေ့၊ ဖတ်လည်းဖတ်ရပါတယ်။ ကျွန်တော်အရင်ဆုံး Specification တွေကို သေချာလေ့လာပြီး ကျွန်တော့်သူငယ်တွေနဲ့လည်း ဆွေးနွေးဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော့် သူငယ်ချင်းနှစ်ယောက်နဲ့ အတူ စီးပွားရေးသမားတွေအတွက် အလွန်သင့်တော်တဲ့ လုပ်ဆောင်ချက်တွေ ပါဝင်တဲ့ Note 5 ကိုဝယ်ဖို့ဆုံးဖြတ်လိုက်တာပါ" ဟု ရန်ကုန်မှ ပရိသတ်တစ်ဦးဖြစ်သူဦးဝင်းထွဋ်က ပြောကြား ခဲ့သည်။ ယနေ့ခေတ်တွင် မိုဘိုင်းဖုန်းအသုံးပြုသူများမှာ ခေါင်းစဉ်အမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ဖျော်ဖြေရေးပစ္စည်းတစ်ခုအသွင်၊ လုပ်ငန်းသုံးပစ္စည်းတစ်ခုအသွင် စသည်ဖြင့် မိမိ၏တစ်ကိုယ်ရေအသုံးဝင်ရာ စွမ်းဆောင်ရည်မြင့် အဆင့်မြင့်မိုဘိုင်းဖုန်းများကို လွယ်လင့်တကူ ဈေးကွက်အတွင်း ရရှိနိုင်နေပြီဖြစ်သည်။ အဆင့်မြင့်မိုဘိုင်းလ်ဖုန်းများကို တန်ဖိုးကြီးပင်ကြီးမားသော်လည်း အသုံးပြုနေသူများ အနေဖြင့် မက်မက်မောမော ဝယ်ကြသည်မှာ ထူးခြားသော စွမ်းဆောင်မှုများရှိ၍ ဝယ်ယူကြခြင်းသာဖြစ်သည်။ အဆင့်မြင့် Samsung မိုဘိုင်းလ်ဖုန်းများတွင် Note နှင့် S ဟူ၍ နှစ်မျိုးနှစ်စားရှိပြီး အက္ခရာဂဏန်းစဉ်အလိုက် တစ်မျိုးပြီးတစ်မျိုး ထွက်နေသည်။ S အမျိုးအစားမှာ Smart Phone အမျိုးအစား ဖြစ်ပြီး ကျား/မ မရွေးကိုင်ဆောင်အသုံးပြုတတ်ကြသည်။ Note ဆိုသည်မှာ လုပ်ဆောင်ချက်ပိုင်းများ ပိုမိုမြင့်မားလာပြီး အသုံးပြုသူကို ပိုမိုဆွဲဆောင်မှုရှိသည်။ Note တွင် စီးပွားရေးလုပ်ငန်းရှင်အတွက် လုပ်ငန်းအတွင်း အသုံးဝင်လုပ်ဆောင်ချက်များပါဝင်လာသည်။ လုပ်ငန်းသုံးမှတ်စု များ၊ စာရင်းနှင့် အချက်အလက်များကို သိမ်းဆည်းကာ ပြန်လည်တည်းဖြတ်အသုံးပြုနိုင်သည်။

ထို့အပြင် သင်ကြားရေးအထောက် အကူပြု လုပ်ဆောင်ချက်များ ပါဝင်လာသောကြောင့် ကျောင်းသား လူငယ်များအတွက်လည်း အသုံးဝင်လာသည်။ ဖုန်းတစ်လုံးအနေဖြင့် သာမက အခြားအထောက်အကူပြု လုပ်ဆောင်ချက်များပါ ပါဝင်လာခြင်းကြောင့် လူကြိုက်များကြသည်ဟု သိရသည်။

မည်သို့ပင်ဖြစ်စေ အနာဂတ်တွင် လူ့ပတ်ဝန်းကျင်အတွင်း ဘက်စုံသုံးစက်ရုပ်များ သဖွယ်အသုံးပြုတွင်ကျယ်လာ နေပြီဖြစ်သော အဆိုပါမိုဘိုင်းအီလက်ထရွန်နစ်များကို ခွဲခြားအသုံးပြုနိုင်ကြလျှင် လူသားများအတွက် လွန်စွာအသုံးဝင်မည့် လူမှုထုတ်လုပ်သည့်ပစ္စည်းများ ဖြစ်လာကြတော့မည်ဖြစ်သည်။



**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ၊ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ် လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

သက်ခိုင်သည် အေးဝင်း၏ အမေးကို ရုတ်တရက် မဖြေဘဲ စဉ်းစားဟန်ငြိမ်နေ၏။ အတန်ကြာမှ တည်ငြိမ်သောမျက်နှာ၊ တည်ငြိမ်သောလေသံနှင့်ဆိုသည်။

"ဒီမိန်းကလေးကို မြင်မြင်ချင်းငါ့ရင်ဟာ လှုပ်ရှားခဲ့ရပါတယ်လို့ငါဝန်ခံခဲ့ပြီးပြီ၊ ဒါပေမယ့် ရင်ရဲ့လှုပ်ရှားမှုဟာအမျိုးမျိုးရှိတယ်ဆိုတာ မင်းတစ်ယောက်တော့ နားလည်နိုင်လိမ့်မယ်ထင်တယ် အေးဝင်း။ ဘယ့်နှယ်လဲ"

အေးဝင်းသည် ခေတ္တငိုင်သွားပြီးနောက် စဉ်းစဉ်းစားစား မျက်နှာထားပြောင်းသွား၍ ခေါင်းညိတ်ပြ၏။ သက်ခိုင်ကသာ ဆက်ရှင်းပြသည်။

"ငါဟာ ရဟန္တာမဟုတ်ပါဘူး အေးဝင်း၊ ဆယ့်လေးငါးနှစ်အရွယ်ကစပြီး မိန်းကလေး တစ်ယောက်. . နှစ်ယောက်. သုံးယောက်ပေါ့လေ။

သူတို့ကြောင့် ငါ့ရင်ဟာ လှုပ်ရှားမိခဲ့ဖူးပါတယ်၊ ဒီလိုရင်ရဲ့လှုပ်ရှားမှုမျိုးဟာ ငါ့အတွက်မဆန်းလှတော့ပါဘူး၊ အခုတော့ ဆန်းတယ်. . သူငယ်ချင်းရယ်. ."

"ဘယ်လို ဆန်းလို့တုန်း သူငယ်ချင်းရ"

"ဆန်းပုံရဲ့ ဆန်းနည်းကတော့ဖောက်ပြားမှုမဟုတ်တာပဲ သူငယ်ချင်း၊ သူ့ကို ငါမြင်လိုက်ရတဲ့ အချိန်မှာ တစ်ကြိမ်က တစ်လောကလုံးမှာ ငါအမြတ်နိုးဆုံး . . သံယောဇဉ်အကြီးဆုံး. . . ဖြူဖြူစင်စင်နဲ့အချစ်ဆုံး မိန်းကလေးတစ်ဦးကို သွားအမှတ်ရမိပုံပေါ်တယ်၊ အမှတ်ရမိပုံပေါ်တယ်လို့သာ ငါပြောတယ်နော် အေးဝင်း၊ အမှတ်ရတယ်လို့ ငါမပြောဘူး"

"အေးပါကွာ. . မင်းက စကားအသုံးအနှုန်း သိပ်ရွေးတဲ့ကောင်ပဲ"

"ရွေးသင့်လို့ရွေးရပါတယ်သူငယ်ချင်း၊ ဒါကိုတော့ ခွင့်လွှတ်ပါ၊ ငါဆက်ပြောပါရစေ၊ အဲဒီတုန်းကတော့ အမှတ်ရမိတာပါပဲ၊ အခုတော့အမှတ်ရမိသလိုလိုပါပဲ အေးဝင်း၊ သူပဲဖြစ်နေလိမ့်မယ်လို့ ငါထင်တယ်၊ သူပဲဖြစ်ပါစေလို့ပဲ ငါဆုတောင်းနေတယ်"

"မင်း အခုပြောနေတဲ့သူဆိုတာက ဘယ်သူလဲ"

"သူဟာ သူဖြစ်နေခဲ့ရင်သူ ဘယ်သူဆိုတာ မင်းကို ငါအရင်ဆုံးပြောပြပါ့မယ်၊ အဲဒီအခါကျတော့ မင်း ငါ့ကို ကူညီပါသူငယ်ချင်း"

အေးဝင်းသည် ရှိုက်၍ ရယ်လိုက်၏။

"အင်းပါ သူငယ်ချင်းရာ၊ မင်းက ပဟေဠိတွေ ဝှက်နေပေမယ့် ငါကတော့ကတိပေးပါတယ်၊ မင်းကို ငါကူညီပါ့မယ်၊ ဒါထက် မင်းက သူ့ကိုဘယ်မှာ လျှောက်ရှာနေတာလဲ"

"ဒီလိုပဲ အတန်းတက်ရင်း ဟိုကြည့်ဒီကြည့်ပေါ့၊ ရှက်ရှက်နဲ့ ဝန်ခံရရင် အင်းယားရွှေ့တောင်သုံးလေးညနေသွားလျှောက်ခဲ့ဖူးတယ်"

"ဘင်တန်ဘက်ကိုကော. . . "

"ငါသူ့ကို တွေ့လိုက်တာက ရုက္ခဗေဒအဆောင် စကြံ့အတိုင်းအင်းယားဘက် လျှောက်သွားတာလေကွ"

"အယ်(လ်)စီအာ(ရ်)ရှေ့မှာကော. . . မကြည့်မိဘူးလား"

"အယ်(လ်)စီအာ(ရ်)ရှေ့မှာ ငါမရပ်ရဲဘူး၊ ပြီးတော့ အင်းယားဘက် သွားကတည်းက နေ့ကျောင်းသူဖြစ်နိုင်ပါ့မလား"

အေးဝင်းသည်ဘာကို သဘောကျသွားသည် မသိ။ သူ့ရင်ဘတ်သူထု၍ အားရပါးရရယ်သည်။

"ဟေ့ကောင်. . မင်းဘာရယ်တာလဲ"

"ရယ်ချင်လို့ပေါ့ သက်ခိုင်ရ၊ အံမာမင်း. . အပါဘိလေး မိန်းကလေးကျောင်းဆောင်ဘက် လျှောက်သွားတိုင်း အဆောင်ကျောင်းသူလို့ တစ်ထစ်ချမှတ်ထားလို့မရဘူး၊ တချို့နေ့ကျောင်းသူတွေက အဆောင်က သူငယ်ချင်း အခန်းလိုက်နေတယ်၊ အဲဒီကမှတစ်ဆင့် အိမ်က လာကြိုတဲ့ ကားနဲ့ပြန်ကြတယ်၊ ယုမောင်ရဲ့ ယုတောင်တစ်ခါတစ်လေ ငါ့မွန်ရဲ့ အခန်းမှာလာနေတတ်တယ်"

သက်ခိုင်ပါးစပ်အဟောင်းသားဖြစ်သွား၏။ ဘာပြန်ပြောရမှန်းလည်း မသိတော့။

အေးဝင်းကသာ အကြံဉာဏ်ပေး၏။

"ဒီလိုလုပ်ကြမယ်၊ ဒီညနေ ကလပ်(စ်)ဆင်းရင် အယ်(လ်)စီအာ (ရ်)ရှေ့က သွားစောင့်ကြည့်ကြမယ်၊ ငါ့သီဝရီ မှန်ရင် မင်းရဲ့ . . . အဲ. . သူ့ကိုတွေ့ရမှာပဲ"

သက်ခိုင်က သဘောတူကြောင်း ခေါင်းညိတ်လိုက်၏။

သက်ခိုင်နှင့်အေးဝင်းသည် နေ့လယ်စာကို ကျောင်းဆောင်ပြန်စားရန်အချိန်မရကြ။ နံနက်ပိုင်းသင်တန်းများ ပြီးသောအခါ ဗဟိုကျောင်းဆောင်များဝင်းအတွင်းရှိ စားသောက်ဆိုင်တစ်ခုတွင် လက်ဖက်ရည်သောက်ကြ၏။ ညနေပိုင်း ၌ မစ္စက်လင်းစဒေး၏ သတ္တဗေဒသင်တန်းသို့ တစ်ချိန်တက်ကြသည်။

ထို့နောက် ဓာတုဗေဒလက်တွေ့သင်တန်းသို့ဆက်သွားကြသည်။ လက်တွေ့သင်တန်းပြီးသောအခါ အေးဝင်းသည် မွန့်ကို ခဏသာ စကားပြောပြီး သူငယ်ချင်းကောင်းသစ္စာရှိသူ ပီသစွာ သက်ခိုင်နှင့်အတူ အယ်(လ်)စီအာ(ရ်)ရှိရာသို့ ထွက်လာခဲ့သည်။

အေးဝင်းနှင့်သက်ခိုင်သည် အယ်(လ်)စီအာ(ရ်)ရှေ့တည့်တည့်၌မရပ်ကြ။ အယ်(လ်)စီအာ(ရ်)နှင့် နှစ်ခန်းကွာသော နေရာ၌သာရပ်နေကြ၏။

သူတို့ရပ်ရာ ရှေ့တည့်တည့်၌ ငွေရောင်စတူဒီဗေကာ ကွန်မင်ဒါမျိုး ကားကြီးတစ်စီးက ကျောပေးရပ်နေ၏။

ကျောင်းဆင်းချိန် ဖြစ်သောကြောင့် ကျောင်းသူအသီးသီးသည် ကြိုလာသောကားများပေါ် တက်ကြ၏။ သက်ခိုင်ရော၊ အေးဝင်းပါ ကောင်းကောင်းသိသည့် ယုတို့၏ ဝူစလေကားကြီးပင် ထွက်သွား၏။ ထို့နောက် ကားတစ်စီးပြီးတစ်စီးဆက်ထွက်၏။

ထိုအခိုက်အတန့်တွင် နံ့သာရောင်ပိုးအင်္ကျီ၊ ပန်းနုရောင်ထဘီနှင့် ဝါဝင်းတင့်ရွှန်းသော ကျောင်းသူတစ်ဦးသည် စတူဒီဗေကာကြီးဆီသို့လျှောက်လာနေ၏။

သက်ခိုင်တုန်လှုပ်သွားသည်။ သက်ခိုင်တုန်လှုပ်သွားသည်ကို အေးဝင်းက သတိပြုမိ၏။

"သူလား. . သူငယ်ချင်း"

"ဟုတ်တယ် အေးဝင်း၊ ဟိုနေ့က ငါမြင်လိုက်ခဲ့ရတာသူပဲ"

မိန်းမပျိုသည် ကားအနီးသို့ရောက်သောအခါ အသက်သုံးဆယ်ခန့်ရှိ ကားမောင်းသူက ကားတွင်းမှ ဆင်းပြီးနောက် တံခါးကိုဖွင့်ပေး၏။

မိန်းမပျိုနှင့်ကားမောင်းသူသည် တစ်စုံတစ်ရာကို ပြောနေသေး၏။ မိန်းမပျို ကားတွင်းဝင်သွားရာမှ ကားမောင်းသူသည် တံခါးကိုပိတ်ပေးပြီး ကားနောက်ဘက်မှ ပတ်ကာရှေ့ခန်းဆီသို့ သွား၏။

သက်ခိုင်သည် ကားမောင်းသူ၏ မျက်နှာကို ကောင်းကောင်းတွေ့လိုက်ရ၏။

သက်ခိုင်၏ တစ်ကိုယ်လုံးမှာ တုန်ယင်သွား၏။ အေးဝင်းက အဓိပ္ပာယ်ပြည့်စွာနှင့်သက်ခိုင်ကို ကြည့်သည်။ သက်ခိုင်ကခေါင်းကိုသာ ညိတ်ပြလိုက်၏။

ထိုစဉ်တွင် မမျှော်လင့်သောအသံဆိုး အသံကြောင်များ ပေါ်လာ၏။

"တိရစ္ဆာန်နှစ်ကောင်. . . ဒီမှာက ဆင်ကြံ့ ကြံ့နေတာ ကိုး . . မိပြီ"

သက်ခိုင်နှင့် အေးဝင်းတို့လှည့်ကြည့်လိုက်သောအခါ ယုမောင်၊ မောင်ရှိန်နှင့် တင်မောင်စိုးတို့အား မမျှော်လင့်ဘဲ တွေ့ရသည်။

သက်ခိုင်က ဣန္ဒြေထိန်းလျက် မတုန်မလှုပ်နှင့်သူတို့အား ကြည့်နေသည်။

အေးဝင်းကသာ သူတို့အားပြန်ဟောက်သည်။

"ခွေးကောင်တွေ. . ဘယ်ကပေါ်လာကြတာလဲ"

တင်မောင်စိုးသည် သူ့အရပ်အမောင်း၊ သူ့ဗလနှင့် မလိုက်အောင် မျက်နှာလေးငယ်ပြပြီး အသံလေးလေးနှင့်ဆို၏။

"ဘယ်ကမှ. . ပေါ်မလာပါဘူး အစ်ကိုရယ်၊ ကျွန်တော်များလည်း ကျွန်တော်များ အတန်းရှိလို့လာတက်တာပါ၊ ဘုရားစူးရစေရဲ့. . အတန်းပြီးတော့ယုမောင်မှာ အဖော်မရှိတာနဲ့ သူငယ်ချင်းကောင်းပီသစွာ အဖော်လုပ်ရင်း အယ်(လ်) စီအာ(ရ်) ရှေ့တော့ရောက်ခဲ့မိရိုးအမှန်ပါ။"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## COMPANY LIQUIDATION

Rexam Ashmore Beverage Can Myanmar Company Limited

Under Section 208(E of Myanmar Companies Act)

Calling the Final General Meeting regarding the Winding-up of Rexam Ashmore Beverage Can Myanmar Company Limited pursuant to section 208(E) of Myanmar Companies Act, the final general meeting of Rexam Ashmore Beverage Can Myanmar Company Limited which is in the course of winding-up is held as follows, therefore; all shareholders are cordially invited to attend the general meeting in order to seek for the consent of shareholders. At the meeting the Liquidator and auditor reports shall be presented.

The meeting is held as follows:

Date:-22-9-2015

Time:-11:00AM

Venue-Room No.117, Inya Lake Hotel, 37 Kaba Aye Pagoda Road, Mayangone Township,Yangon.

Daw Khin Cho Kyi

Liquidator

Room 117, Inya Lake Hotel, 37 Kaba Aye Pagoda Road, Mayangone Township,Yangon

## မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA)

### အသင်းသား အထူးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ အသင်းသား/သူများအားလုံး သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းအား ပြင်ဆင်နိုင်ရန်အတွက် အသင်းသားအထူးအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၆-၉-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)

အချိန် - ၁၅:၀၀ နာရီ

နေရာ - MIFFA အသင်း၊ အစည်းအဝေးခန်းမ

မှတ်ချက် - miffaoffice@gmail.com ဖြင့် ဖြန့်ဝေထားသော သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းအား မရရှိပါက အောက်ပါဖုန်းနံပါတ်ကို ဆက်သွယ်ပေးပါရန် 09-420098829, Fax: 01-2300236

**MPF Myanmar တွင် တာဝန်ထမ်းဆောင်ရန် အဆင့်မြင့်ဝန်ထမ်းခေါ်ယူခြင်း**

**Business Development Advisor (15 Posts)**

- Any Degree, Written English & Reading, Good Communication Skill, Age under 35

[လစဉ်ဝင်ငွေ (၁၀)သိန်းမှ (၁၅)သိန်းကျော်]

House No.232, R.No.(7.C) 6 Floor, Coner of Maha Bandula Road & Bo Aung Kyaw Road, Sea Green Tower, Botahtaung Tsp, Yangon.

**Ph: 09-30002100, 011220489, 09-420285851**

**နိုင်ငံရေး စီးပွားရေး နှင့် လူမှုရေး ရာ မဂ္ဂဇင်း**

ဗီယက်နမ် လွတ်မြောက်ရေးတိုက်ပွဲကို မြန်မာတို့ကူညီခဲ့စဉ်က၊ မြန်မာ–လာအို ချစ်ကြည်ရေးတံတားနှင့်မူးယစ်ဆေးဝါး၊ ဗိုလ်ချုပ်ကိုသိမီခဲ့သော ဝါရင့်စာရေးဆရာကြီး ဦးဌေးမောင်နှင့် တွေ့ဆုံခြင်း၊ သခင်တင်မြ၏ဘုံဘဝမှာဖြင့် အမှားနှင့်အမှန် စာအုပ်ကို ဝေဖန်လိုက်တဲ့ ဆရာမောင်သြ၊ ကောင်းဘွိုင်နိုင်ငံရေးသမားဒေါ်နယ့်ထရမ့်၊ ၁၉၈၈ စက်တင်ဘာလမှာ ယနေ့သတင်းစာရဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် အင်တာဗျူးအပါအဝင် ရှစ်လေးလုံးစာမျက်နှာ . . စသည်တို့ဖြင့်

ဖုန်း–၀၉ ၇၃၀ ၃၇၇၂၇ ၊ ၀၉ ၅၀၇၉၆၇၈ စက်တင်ဘာလ၊ အမှတ် ၁၇ ထွက်ပြီ

**အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း**

**ကန်ထရိုက်တာ ဦးတင်မောင်ဝင်း နှင့် အများသိစေရန်ကြေညာခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၁၉၇ နေ ဦးလှထွန်း P/RGN-009134 ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေ ဦးလှထွန်း မှ ကန်ထရိုက်တာ ဦးတင်မောင်ဝင်း (၁၂/ဗတထ (နိုင်) ၀၃၄၈၁၂)၊ အမှတ် (၃၉)၊ (၈)လွှာ (ဝဲ)၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေသူအား ဦးလှထွန်း ပိုင် မြေကွက်ပေါ်၌ ကန်ထရိုက်တိုက်ဆောက်လုပ်ရာ၌ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် ရုံးကိစ္စအဝဝကို ဆောင်ရွက်ရန်အတွက် (၁၃-၃-၂၀၁၃) ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် - ၄၃၃၅ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပါသည်။

၃။ အဆိုပါ ကိုယ်စားလှယ်လွှဲစာအား (၂၄-၈-၂၀၁၅) နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ပါသောကြောင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ဦးတင်မောင်ဝင်း အနေဖြင့် ဆက်လက်၍ အသုံးပြုခွင့်မရှိတော့သည့်အပြင် ၄င်းအထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဦးလှထွန်း နှင့် သက်ဆိုင်သည့် မည်သည့်ကိစ္စရပ်များကိုမျှ ဆက်လက်ဆောင်ရွက်ပိုင်ခွင့်မရှိတော့ပါကြောင်း ဦးတင်မောင်ဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**

ဦးလှထွန်း

P/RGN-009134

**လွှဲအပ်ညွှန်ကြားချက်အရ**

ဦးညွှန့်စိန် B.A (Law;) LL.B

တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၇၉၇/၉၉)

အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။

ဖုန်း - ၀၉၅၁၈၂၅၁၈၊ ၀၉ ၅၄၀၀၂၈၂

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက် ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်း ဌာန(ရန်ကုန်) တွင် ဖွင့်လှစ်ပါမည်။

| စဉ် သင်တန်းအမျိုးအစား | | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်၁) | - | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့်၂) (Senior Travel Consultant and Sales Services) | - | ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultantနှင့် Tour Operator သင်တန်း(အဆင့်၁) အောင်မြင်ပြီးသူများ၊ |
| | - | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့်အောင်မြင်ပြီးသူများ(သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်၁) | - | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့်၁) | - | တက္ကသိုလ်ဝင်တန်း |
| ၅။ အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့်၁) | - | တက္ကသိုလ်ဝင်တန်း |
| ၆။ အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့်၁) | - | တက္ကသိုလ်ဝင်တန်း |
| ၇။ အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့်၁) | - | ဤသင်တန်းဌာနမှအခြေခံ(အဆင့်၁)အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။ |
| ၈။ ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း(အဆင့်၂) (စီမံ/ဘဏ္ဍာ) | - | စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| (အခန်းဌာနကြီး) (အစားအစာနှင့်ယမကာဌာနကြီး) | - | တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

သင်တန်းကာလ ။ ၂၁-၉-၂၀၁၅ ရက်မှ ၁၃-၁၁-၂၀၁၅ ရက်အထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင်ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန

ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၄၈၃၆

**ဝန်ထမ်းအလိုရှိသည်**

**VMG Decoration CAT, 3D Max**-ကျွမ်းကျင်

လုပ်ငန်းအတွေ့အကြုံရှိရမည်။

ဆက်သွယ်ရန်-ဖုန်း(၀၉)၂၅၃၁၀၃၂၆၁

**အသိပေးခြင်း**

တံဆိပ်ခေါင်းစာပေပညာရှင် - ဦး(ဒေါက်တာ) ကျော်မြင့်မောင်မှာ မည်သည့်အခါကမှ လူမှုရေးကွန်ယက် (Facebook) စာမျက်နှာ ဖွင့်လှစ်သုံးစွဲခြင်းမရှိပါကြောင်း အသိပေးအပ်ပါသည်။

## တွံတေး၌ကျေးလက်အိမ်ရာများဆောင်ရွက်

**တွံတေး ဩဂုတ် ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၆ သန်းဖြင့် တမာတတောကျေးရွာ၊ လေးအိမ်ကျေးရွာနှင့် အမ္ဘတီကျေးရွာ သုံးရွာ၌ တစ်ရွာလျှင် ကျေးလက်အိမ်ရာ လေးလုံးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တွံတေး ကျေးလက်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်နေ

**ရန်ကုန် ဩဂုတ် ၃၁**

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးနှင့်အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးတို့သည် ဩဂုတ် ၂၇ ရက်နေ့နံနက် ၆ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) တွင် လေ့ကျင့်လျက်ရှိသော အားကစားနည်း ၃၃ နည်းမှ အားကစားနည်းအလိုက် သင်တန်းသားသင်တန်းသူများ၏ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်နေမှုများကို ကြည့်ရှုသည်။

ယင်းနောက် ဒုတိယအမြဲတမ်းအတွင်းဝန်သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းယားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သို့ရောက်ရှိကာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) လှေလှော်သင်တန်းသား သင်တန်းသူများ၏ လေ့ကျင့်နေမှုနှင့်သင်တန်းသားသင်တန်းသူများ၏ အရပ်အမောင်း၊ ခန္ဓာကိုယ် တည် ဆောက်မှုကြံ့ခိုင်မှု အနေအထားများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ရုံးခန်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ အတွင်းရေးမှူး နည်းပြချုပ်များနှင့် တွေ့ဆုံ၍ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု မရှိခဲ့ သည့် အခြေအနေနှင့်ပတ်သက်၍ အသေးစိတ်သုံးသပ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ လူရွေးချယ် ရေး၊လေ့ကျင့်ရေးစသည့် လုပ်ငန်းရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာလ ပထမပတ်တွင် အမှုဆောင် အစည်းအဝေး ခေါ်ယူ၍အသေးစိတ်စီမံချက် ရေးဆွဲပြီး ပြည်ထောင်စုဝန်ကြီးထံ တင်ပြသွားအတည်ပြု ချက်ရယူလျက် လမ်းညွှန်မှုခံယူသွားမည်ဟု ဆွေးနွေးပြောခဲ့ကြကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## သတင်းတိုများ

### ခင်ဦးမြို့၌ စားသုံးသူအကာအကွယ်ပေးရေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးမှူး ဦးကျော်ငွေက စားသုံးသူရေးရာသိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးမှူးရုံးမှ ဒေါ်ဝင်းဝင်းသန်းက အန္တရာယ်ရှိ မုန့်မျိုးစုံအကြောင်းနှင့် ခင်ဦးမြို့နယ်တာဝန်ခံ ဦးမျိုးအောင်က ကွမ်း၊ ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာများ၏ အန္တရာယ်ဆိုးကျိုးများ အကြောင်းကို ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

### ရေဘေးသင့်ပြည်သူများအား စားသုံးဆီများပေးအပ်

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ ရေစကြိုမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက်စားသုံးဆီပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရေစကြိုမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဩဂုတ် ၂၆ ရက် ညနေ ၅ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းနားတွင်မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဌ ဦးအောင်ရွှေက စားသုံးဆီတစ်လီတာ ၁၂ ဘူးပါဖာ ၃၀၀၊ တန်ဖိုးကျပ် ၄၅ သိန်းခန့်အား ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

### အသက်မွေးဝမ်းကျောင်းအပ်ချုပ်သင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆင်းရဲမှုလျှော့ချရေး၊ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးစေရန်နှင့် လူမှုဘဝဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအပ်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတွင် ကျင်းပခဲ့ကြောင်းသိရသည်။ အဆိုပါသင်တန်းတွင်ရပ်ကွက်၊ ကျေးရွာမှသင်တန်းသူ ၂၈ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



**စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ကျီကုန်းကျေးရွာ ရွာသစ်ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ- ချင်းတွင်းသား(ပြန်/ဆက်)

## တောင်တွင်းကြီး၌ဓမ္မကျောင်းတော်များဖွင့်

**တောင်တွင်းကြီး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဲကောကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ဓမ္မကျောင်းတော်ဖွင့်ပွဲကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးအဖွဲ့ အလုပ်အမှုဆောင် ဆရာတော်များ၊ ကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး ကော်မတီဝင် ဦးဝင်းလှိုင်က ဓမ္မကျောင်းတော် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သင်တန်းဆရာ ဦးဝင်းလေးက ဓမ္မကျောင်းတော်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို ဆွေးနွေးကာ ကျောင်းသား၊ ကျောင်းသူ ၂၅၀ တို့အား အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ စာအုပ်များပေးအပ်ခဲ့သည်။ အလားတူ ကံပေး၊ သဲကော၊ ကင်ပွန်းတောင်၊ ကံလှ၊ ကသာ၊ ညောင်ပင်သာ၊သပြေပင် ကျေးရွာများတွင်လည်း ဓမ္မကျောင်းတော်များဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း**

UNIQUE TRAVELS & TOURS CO.,LTD
UNIQUE STAR TRAVELS & TOURS
ဗန်ကောက်၊ပတ္တရား(6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Sep: 5,12,19,26 / Oct: 3,10,17,24,31 / Nov: 7,14,21,28 ($300)
ဗန်ကောက်၊ဖူးခက်(6)D Sep:12,26 / Oct: 3,17,31 / Nov:14,28 ($500)
ဗန်ကောက်၊ချင်းမိုင်(6)D Sep:12,26/ Oct: 3,17,31/ Nov:14,28 ($500)
ဖူးခက် (4)D Sep: 12,26 / Oct: 3,17,31 / Nov: 14,28 ($300)
ချင်းမိုင် (4)D Sep: 12,26 / Oct: 3,17,31 / Nov: 14,28 ($300)
ကူမင်း၊သလီ၊လီကျန်း၊ရှန်ဂရီလာ (6)D Sep: 26 / Oct: 24 ($500)
New Year Promotion
ပထမဦးဆုံး လူ(၃၀)ဦးအတွက်သာ
Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550)
70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133, 7310 9144, 7310 9155, 7310 9166

ဂန္ဓဝင်ရွှေပုဂံ Travels & Tours

Promotion Trips

| | | |
|---|---|---|
| ဗန်ကောက် | (၅)ရက် | USD 470 |
| စင်ကာပူ | (၄)ရက် | USD 630 |
| ဟောင်ကောင် | (၅)ရက် | USD 1000 |
| ပီကင်း၊ ရှန်ဟိုင်း | (၆)ရက် | USD 1200 |
| ဒူဘိုင်း | (၆)ရက် | USD 1700 |

Regular Trips

| | | |
|---|---|---|
| ဂရိ (အေသင်၊ Santorini ) + တူရကီ | (၁၁)ရက် | USD 4800 |
| ဘူတန် (တင်ပူ၊ ပါရို) | (၄)ရက် | USD 1900 |
| ဂျာမနီ၊ ချက်၊ ဟန်ဂေရီ၊ ပိုလန် | (၁၀)ရက် | USD 3900 |
| ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် | (၁၀)ရက် | USD 3800 |
| အမေရိကန် (NY, DC, LA, S.F, Las Vegas) | (၁၄)ရက် | USD 6700 |

ကုမ္ပဏီ၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့် စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္ဓဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံး လမ်းကြောင်းရွေးပေးပါသည်။ ကမ္ဘာ့အနှံ့ခရီးစဉ်များနှင့်ပတ်သက်၍ မိမိသိလိုသမျှကို အချိန်မရွေး မေးမြန်းနိုင်ပါသည်။
အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၅၀၀၁၉၁၊ ၅၁၀၄၉၁၊ ၂၃၀၄၆၄၅၊ ၀၉-၂၅၂၂၈၁၄၆၅
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း – ၀၉ ၃၁၆၉၃၃၃၉၊ ၀၉ ၇၃၀ ၁၃၈၅၆
Hot Line : 09 - 73003772

**အေးမွန်ရတနာ**
**အမျိုးသမီးစက်ချုပ်သင်တန်း**
ဘလောက်(စ်)၊ မြန်မာဝတ်၊ ရှပ်၊ စကတ်၊ ဘောင်းဘီ၊ ဂါဝန်
ဒေါ်ခင်ဝင်းရီ **B.A,B.Ed**
၃၉(ဂ)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်
(ကျောက်ကုန်းမီးပွိုင့်အနီး)
နယ်သမားများအတွက် အဆောင်ရှိသည်။
အိမ်သင် (တာမွေ၊ ဗဟန်း၊ သင်္ဃန်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလ-ပ မြို့နယ်များသာ)
ဖုန်း - ၀၁-၅၇၉၈၂၅၊ ၀၉-၅၁၀၄၆၈၇၊ ၀၉-၅၁၉၃၄၉၁၊ ၀၉-၄၀၀၀၆၈၀၉

နယ်စည်းမထားဆရာဝန်များအဖွဲ့မှ
(၁) ကား(၃)စီး -Toyota Prado,Year:1996 to 1999, Model:KZJ95W, Engine Type: 1KZ ဝယ်ယူလိုပါသည်။
(၂) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ - HP Computers-14Laptops,1 Desktop, 1 Monitor and 1UPS တို့ ဝယ်ယူလိုပါသည်။
လိုအပ်သည့်အချက်အလက်များကို အမှတ်(၅-၅၉)၊ အေးရတနာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-+၉၅(၁)၈၅၅၁၂၆၄၊ +၉၅(၁)၈၅၅၀၈၂၀၊ +၉၅(၁)၁၂၂၁၃၀၈ တွင် ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ပြီး ၁၁-၉-၂၀၁၅ ရက် နောက်ဆုံးထားပြီး တင်ဒါတင်သွင်းရမည်။

**အမျိုးသမီးအရောင်းဝန်ထမ်း အလိုရှိသည်**
နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။
နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။
မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁
(ရုံးချိန်အတွင်းသာ)

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၉၀)၊ မြေကွက်တည်နေရာအမှတ်(၉၀)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ ဦးအုန်းတင်[၁၂/ဥကမ(နိုင်)၀၈၃၅၀၆]၊ ဒေါ်မိုးကြည်[၁၂/ဥကမ(နိုင်)၀၈၃၅၀၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအုန်းတင်၊ ဒေါ်မိုးကြည်(တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံး ဘီလစ် ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]က တရားရုံးဘီလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ်(၆၉/၁၄) စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၂၀/၁၅)၊ တရားရုံးနေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၆-၈-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)နှင့် ၂၅-၈-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)တို့တွင်ပါရှိသော အများသိစေရန် တိုက်ခန်းများ အမည်ပြောင်းမှ ဦးတီကာကွေး(ခ)ဦးမောင်ကျေး(အစား) တီကာကွေး(ခ)ဦးမောင်ကျေး၊ တိုက်(၃၉/၄၀)အစား တိုက်ဘီ(၃၉/၄၀)၊ တိုက်(၆၁/၆၂)အစား တိုက်ဘီ(၆၁/၆၂)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ကျောင်းကုန်းဒေသထွက် ကွမ်းများကိုသာ ရန်ကုန်တွင် ရောင်းဝယ်နေရ


ကွမ်းများကို ရန်ကုန်သို့ ရေလမ်းခရီးမှတင်ပို့ရန် ဩဂုတ် ၂၈ ရက် ညနေပိုင်းက စောင့်ဆိုင်းနေစဉ်။

**ကျောင်းကုန်း ဩဂုတ် ၃၀**

ယခုနှစ်သည် ရေကြီးရေလျှံမှုများ နေရာအနှံ့ ဖြစ်ပွားသောကြောင့် ကွမ်းခြံများ ပျက်စီးဆုံးရှုံးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပန်းတနော်၊ ညောင်တုန်းဒေသများတွင် ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ကြောင့် ရန်ကုန်သီရိမင်္ဂလာဈေး(စ)ရုံတွင် ကျောင်းကုန်းကွမ်းကို အားထားနေရသည့် အခြေအနေဖြစ်နေကြောင်းသိရသည်။

ကျောင်းကုန်းမြို့နယ်ရှိ ကွမ်းအများဆုံး ထွက်ရာဒေသများမှာ ကိုင်းတာ၊ စွန်ပါ၊ သစ်ဆိမ့်ကုန်း၊ နတ်ချောင်း၊ အိုးဘို၊ ကွမ်းခြံကုန်း၊ ကျောင်းကုန်း၊ အိမ်မဲ ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများဖြစ်သည်။ ကျောင်းကုန်းမှ ရန်ကုန်သို့ ၁၂ ပေကားကြီး ၁၀ စီးကျော် နေ့စဉ်ပုံမှန် ကုန်စည်စီးဆင်းလျက်ရှိသည်။ ရိုးစိမ်း၊ ထိုင်ဝမ်၊ ရိုးဝါ၊ ရိုးညို စိုက်ပျိုးကြရာ ရိုးညိုမှာ ဈေးအကောင်းဆုံးဖြစ်သည်။

စပါး၊ ပဲ ရာသီမပေါ်မီ မိုးကာလတစ်လျှောက် တောင်သူများမှာ ကွမ်းကောင်းဖို့၊ အောင်ဖို့၊ ကွမ်းရောင်းဖို့ အားထားကြိုးစားကြရပြီး လက်လုပ်လက်စားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိကြ၍ အဆင်ပြေလျက်ရှိကြောင်းသိရသည်။ ကွမ်းများကို ကိုယ်တိုင်တင်ပို့သူများရှိသလို ပွဲစားမှတစ်ဆင့် ရောင်းချသူများလည်းရှိကြောင်း သိရသည်။

ကွမ်းကို မြန်မာနိုင်ငံရှိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် တွင်ကျယ်စွာစိုက်ပျိုးပြီး ရန်ကုန်တိုင်းဒေသကြီး တွံတေးဘက်တွင်လည်း စီးပွားဖြစ်စိုက်ပျိုးကြသည်။

**ကြေးမုံ**

# မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ် အလွှာစုံမှလူငယ်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲပြုလုပ်

**မကွေး ဩဂုတ် ၃၀**

မကွေးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ပြုလုပ်သည့် ၂၀၁၅ ခုနှစ် နိုင်ငံတကာ လူငယ်များနေ့အထိမ်းအမှတ် မကွေးတိုင်းဒေသကြီးလူငယ်ဖိုရမ် အလွှာစုံလူငယ်များ တွေ့ဆုံဆွေးနွေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေနှင့်အတူ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလွှာစုံအသီးသီးမှလူငယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်ရေးရာနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက် ညှိနှိုင်းရေးမှူး မဖြူနှင်းအေးက ၂၀၁၅ ခုနှစ် မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ်တွေ့ဆုံပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအား အကျယ်တဝင့် ရှင်းလင်းတင်ပြကာ သုံးရက်တာ လူငယ်တွေ့ဆုံပွဲတွင် ထည့်သွင်းဆွေးနွေးမည့် အစီအစဉ်များအား ဖတ်ကြားတင်ပြခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၅ ခုနှစ် နိုင်ငံတကာ လူငယ်များနေ့အထိမ်းအမှတ် မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ် အလွှာစုံလူငယ်များ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်အောင် ပံ့ပိုးပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနေ့ကပြုလုပ်သော ၂၀၁၅ ခုနှစ် နိုင်ငံတကာလူငယ်များနေ့အထိမ်းအမှတ် မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ် အလွှာစုံလူငယ်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင်တိုင် ပြုလုပ်ခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# တဲကြီးကုန်းကျေးရွာအုပ်စုရှိ ရှားတောကျေးရွာနှင့် ဂုဏ်မင်းအင်းကျေးရွာတို့၌ မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၃၀**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စုအတွင်းရှိ ရှားတောကျေးရွာနှင့် ဂုဏ်မင်းအင်းကျေးရွာတို့၌ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဇမ္ဗူသီရိမြို့နယ်တာဝန်ခံ ဦးမျိုးညွန့်တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင်အရင်းမပျောက်မတည်လည်ပတ် ရန်ပုံငွေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြစိမ်းရောင်ရန်ပုံငွေများကို နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက ကျေးရွာအတွင်း ရန်ပုံငွေ ထုတ်ချေးပေးမည့်အခြေအနေများကို ရှင်းလင်းပြီး ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက အသင်းသားများထံသို့ မြစိမ်းရောင်ချေးငွေများကို ပေးအပ်ခဲ့ကြသည်။

ယင်းနေ့အခမ်းအနားတွင် ရှားတောကျေးရွာမှ အသင်းသား ၁၄၁ ဦးတို့အတွက် မြစိမ်းရောင် ချေးငွေကျပ်သိန်း ၃၀၀ နှင့် ဂုဏ်မင်းအင်းကျေးရွာရှိ အသင်းသား ၁၅၉ ဦးတို့အတွက် ငွေကျပ် သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**


## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ IPP စနစ်ဖြင့် ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံတည်ဆောက် ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၃၁-၈-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၉-၁၀-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀နာရီ |

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉

## ဘူမိဗေဒကျောင်းသားဟောင်းများ (၁၉၇၉)၏ အာစရိယပူဇော်ပွဲ

